ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၃ရက်၊ တနင်္ဂနွေနေ့၊ (22-2-2004) (၄၁၅၄)

ယနေ့ထုတ်စောင်ရေ ၁၉၅၇၄၁

ဂါရဝေါ စ
တော မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်–မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ အချို့ဆောင်ရွက်ပြီးဖြစ်သလို အချို့မှာ ဆက်လက်ဆောင်ရွက်ဖွယ်ရာများရှိနေ အနာဂတ်တွင်ပြုလုပ်မည့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများ စနစ်တကျလုပ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးများအပြီးတွင် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ချမှတ်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ထားပြီးဖြစ်သဖြင့် ယင်းသဘောတူညီချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ညှိနှိုင်းသဘောတူ

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များဖြစ်သော မစ္စတာ ကျန်ဇီမင်းနှင့် မစ္စတာ ဟူကျင်တောင်းတို့၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ညှိနှိုင်းသဘောတူညီခဲ့ကြသည့် တရုတ်–မြန်မာ နှစ်နိုင်ငံ စီးပွားရေး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪

မြန်မာ–ထိုင်း ငါးဖမ်းလုပ်ငန်းဆိုင်ရာ စာချုပ်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Siam Jonathan Co., Ltd တို့ ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီမှုစာချုပ်လွှာ လက်မှတ်ရေးထိုးပွဲ (Agreement Signing Ceremony on Fishing Rights) အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် ညနေ ၆နာရီတွင် ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal ဟိုတယ် ခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ထိုင်းနိုင်ငံ Siam Jonathan Co., Ltd မှ Chairman Mr. Aroon Inthanapasart က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံမှ လွှတ်တော်အမတ်နှင့် အဖွဲ့ဝင်များအား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Mr. Ikuzo Sakurai (Member of the House of Representatives) **နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ဒေသစိမ်းလန်းစိုပြည်ရေးကြိုးပမ်း စက်မှုကုန်ကြမ်း ဝါသီးနှံ တိုးချဲ့စိုက်ပျိုး

၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းသာယာနေသည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော်ဧရိယာ၏ ထက်ဝက်ကျော်မှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင်မူ မိုးနည်းပါးပြီး ပူပြင်းခြောက်သွေ့သည်နှင့်အမျှ သစ်တောသစ်ပင်များ ပေါက်ရောက်မှု အားနည်းခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်က သဘာဝအခြေအနေများကြောင့် တောတောင်များမပျက်စီးစေရန် ကြိုတင်ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မိုးနည်းရေရှားဖြစ်သည့် အညာဒေသ စိမ်းလန်းစိုပြည်စေရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့သည်။

ထို့နောက် ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ ယခုအခါ မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ ဂန့်ဂေါ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် ရွှေဘိုစသည့် ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က ကျေးလက်ဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးလျက်ရှိသည့်အပြင် မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာ အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က မကွေးတိုင်း၊ပခုက္ကူခရိုင် မြိုင်မြို့သို့သွားရောက်၍ မြိုင်မြို့အခြေခံပညာအထက်တန်းကျောင်း၊ မြိုင်မြို့ပြည်သူ့ဆေးရုံနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် **ဒေသတွင်း ရာသီဥတု ညီညွတ်မျှတမှန်ကန်ရေး၊ ရေသိုလှောင်နိုင်စွမ်းရှိရေးတို့အတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းများ ပျိုးထောင်ရေးလုပ်ငန်းများ လက်တွေ့အောင်မြင်ဖြစ်ထွန်းစေရအောင် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ပြီး ညီညွတ်တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားခဲ့သည်။

မြိုင်မြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းသောဒေသဖြစ်ရာ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် ရေသိုလှောင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ် ရှာဖွေဖော်ထုတ်မှု အစီအမံများကို စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်များ ဖြန့်ကြက်တည်ဆောက်ရေး၊ သောက်သုံးရေရရှိရေးအတွက် မြေအောက်ရေရှာဖွေရေး၊ ရေတွင်းရေကန်များ တူးဖော်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ပူးပေါင်းညှိနှိုင်း လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မြိုင်မြို့နယ်အတွင်း မြေပဲနှင့် ပဲအမျိုးမျိုးကို အဓိကစိုက်ပျိုးလျက်ရှိသော်လည်း တစ်ဧကအထွက်တိုးရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးတို့က ဒေသအတွင်း အောင်မြင်ဖြစ်ထွန်းနိုင်မည့် မျိုးကောင်းမျိုးသန့်သီးနှံများ စိုက်ပျိုးရေးအတွက် နည်းပညာဖြန့်ဖြူးမှုအပါအဝင် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးကြရမည်ဖြစ်သည်။

ယခုအခါ ပခုက္ကူဒေသအတွင်း ခေတ်မီ ချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိရာ စက်မှုကုန်ကြမ်းဖြစ်သည့် ဝါသီးနှံများ တိုးတက်ထွက်ရှိရေးအတွက် တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်သည်။ ချည်မျှင်နှင့် အထည်စက်ရုံများမှာ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှုနှင့် ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ရာသီဥတု ညီညွတ်မျှတရေးကို အကျိုးပြုနိုင်သည့် ဒေသစိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရင်း စက်မှုကုန်ကြမ်း ဝါသီးနှံ လုံလောက်စွာ ထွက်ရှိနိုင်စေရေး တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံမှ Mr. Ikuzo Sakurai (Member of the House of Representatives) အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

✻ ချော့တိုင်းလည်း မပျော့နဲ့

ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူများ ဒုက္ခမျိုးစုံ တွေ့ကြုံခံစားနေရ

အီရတ်နိုင်ငံကို အမေရိကန် ကျူးကျော်သိမ်းပိုက်ထားမှုသည် တစ်နှစ်နီးပါး ရှိလာပြီဖြစ်သော်လည်း လုံခြုံမှုပျက်ပြားနေ၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိဘဲ လူမှုရေး ဒုက္ခမျိုးစုံကို ပြည်သူတို့ တွေ့ကြုံခံစားနေရသည်။ အီရတ်ပြည်သူများ၏ တူညီသောဆန္ဒမှာ ကျူးကျော်သိမ်းပိုက်ခံဘဝမှ အမြန်ဆုံး လွတ်မြောက်ရေးပင်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်ဘက် အဘူဂါရစ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား စစ်ဆေးမေးမြန်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်ထွက်

အီရတ်နိုင်ငံ ခါလ်ဒီယာမြို့တွင် ကင်းလှည့်ထွက်လာသော အမေရိကန်သံချပ်ကာ ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၁၅ ရက်က မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (အပေါ်ပုံ)
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၉ ရက်က ဟီလာမြို့ရှိ ပိုလန်စစ်အခြေစိုက်စခန်း ပြင်ပတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်အပျက်အစီးများကို တွေ့ရစဉ်။ (ဝဲပုံ) (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၁၇ ရက်က မြို့တော်ဘဂ္ဂဒက် အဝေးပြေး လမ်းမ၌ ဗုံးတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ယင်းလမ်းကို အမေရိကန် တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ၁၇ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် မော်တော်ယာဉ်များကို စစ်ဆေးရန် ညွှန်ကြားနေသည့် အမေရိကန် အရာရှိတစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၉ ရက်က မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသ အဝေးပြေးလမ်းမကြီးကို အမေရိကန်တပ်ဖွဲ့ဝင်များက စောင့်ကြပ်နေစဉ်။ (ယာပုံ)
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် တိုက်ပွဲမဝင်လိုသူ ကန်တပ်ဖွဲ့ဝင်တစ်ဦး ကနေဒါနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံ

နိုင်ငံတကာ သတင်းများ

ဖယက်တီဗီလာ ဖေဖော်ဝါရီ ၁၉

အမေရိကန် အမှတ်(၈၂) လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်တွင် တိုက်ပွဲမဝင်လိုသည့်အတွက် ကနေဒါနိုင်ငံတွင် ခိုလှုံခွင့် တောင်းခံလိုက်သည်။

ခိုလှုံခွင့်တောင်းခံထားသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ် (၈၂) လေကြောင်းချီတပ်မ၏ အမှတ် (၅၀၄) လေထီးတပ်ရင်းမှ ဂျယ်ရမီဟင်းဇ်မင်း ဆိုသူဖြစ်သည်။ ၎င်းကို အမေရိကန်နိုင်ငံအတွင်း၌ ဖမ်းမိလျှင် တပ်ပြေးအဖြစ် တရားစွဲခံရမည်ဖြစ်သည်။

ယခုအခါ စစ်ဖြစ်နေဆဲအချိန်ဖြစ်၍ဟင်းဇ်မင်းကို စစ်တပ်မှ လိုက်လံဖမ်းဆီးခြင်း မရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး တပ်ကြပ်ကြီး ပမ်စမစ်က ဆိုသည်။

ရှုမြင်

ယခု အမေရိကန်ဆင်နွှဲနေသော အီရတ်စစ်ပွဲသည် တရားသောစစ်ပွဲမျိုး မဟုတ်ဘဲ ရေနံအကျိုးစီးပွားအတွက် တိုက်ခိုက်ရသော စစ်ပွဲအဖြစ် ဟင်းဇ်မင်းက ရှုမြင်သည်။

ထွက်ပြေးခဲ့

သို့ဖြစ်၍ ယခုစစ်ပွဲ၌ ပါဝင်လိုခြင်းမရှိသောကြောင့် ၎င်းသည် ဇနီးသည်နှင့် ၁၄ လသားအရွယ် သားငယ်လီယမ်တို့ကိုခေါ်ပြီး ဇန်နဝါရီ ၂ရက်နေ့က ကနေဒါနိုင်ငံသို့ ထွက်ပြေးခဲ့ကြခြင်း ဖြစ်သည်။ ယခုအခါ ဟင်းဇ်မင်းသည် ကနေဒါနိုင်ငံတွင် နေထိုင်လျက်ရှိပြီး ဆိုင်ရာအာဏာပိုင်များထံ ခိုလှုံခွင့် လျှောက်ထားဆဲဖြစ်ကြောင်း သိရသည်။ ၎င်းသည် အာဖဂန်စစ်ပွဲအတွင်းကလည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦး ဖြစ်သည်။

ရှောင်တိမ်းခဲ့

ဗီယက်နမ်စစ်ပွဲဖြစ်ပွားစဉ်အခါက စစ်ပွဲတွင် ဝင်ရောက်မတိုက်ခိုက်လိုသူ အမေရိကန်နိုင်ငံသား ၃၀,၀၀၀ တို့သည် ကနေဒါနိုင်ငံသို့ သွားရောက်ရှောင်တိမ်းခဲ့ဖူးကြောင်း သိရသည်။

ယမန်နှစ်က အမေရိကန်နိုင်ငံသား ၂၆၈ ဦးတို့သည်ကနေဒါနိုင်ငံတွင် ခိုလှုံခွင့်တောင်းခံခဲ့ကြသည်။ ယင်းတို့အနက် တစ်ဦးတစ်ယောက်မျှခိုလှုံခွင့် မရရှိကြောင်း၊ ခိုလှုံခွင့်စိစစ်ရေးဘုတ်အဖွဲ့မှ ချားဟောကင်က ပြောကြားခဲ့သည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရန် တရုတ်ပြည်အလေးထား

နယူးဒေလီ ဖေဖော်ဝါရီ ၁၂

တရုတ်ပြည်သည် အိန္ဒိယနိုင်ငံနှင့် ကာလရှည်အားဖြင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အလေးပေးကြောင်း တရုတ် ကွန်မြူနစ်ပါတီ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဟီဂိုကျင်းသည် အိန္ဒိယဒုတိယသမ္မတ ဘာဟီရွန်ဆင်းဂ်ရှစ်ဟာဝပ်နှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လမ်းဘေးထောင်ထားသော ဗုံးတစ်လုံး ပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင် နှစ်ဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ ခါလီဒီယာမြို့တွင် ကြာသပတေးနေ့က လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သောကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးသွားပြီး အနည်းဆုံးအီရတ်အရပ်သားတစ်ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ၈၀ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ခါလီဒီယာမြို့အနီးတွင် ကြာသပတေးနေ့နံနက် ၁၀ နာရီခွဲအချိန်က ဖြစ်ပွားသော ပေါက်ကွဲမှုကြောင့် အမေရိကန်စစ်သား နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထိုပေါက်ကွဲ မှုကြောင့် အနည်းဆုံး အီရတ်တစ်ဦးလည်း သေဆုံးခဲ့ရသေးသည်ဟု ဆိုသည်။

ယခု သေဆုံးသွားသော အီရတ်လူမျိုးမှာ သာမန်အရပ်သားဖြစ်သည်၊ သို့မဟုတ် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်ဖြစ်သည်ကို ကွဲပြားစွာမသိရသေးပေ။ အီရတ်လုံခြုံရေးများသည် အမေရိကန်များ ကင်းလှည့်ရာ၌ တွဲဖက်လိုက်ပါလေ့ရှိကြောင်း သိရသည်။ ယခုသေဆုံးမှုပါ ထည့်တွက်လျှင် အီရတ်စစ်ပွဲစတင်ချိန်မှပြီးခဲ့သော ကြာသပတေးနေ့အထိကာလအတွင်းတိုက်ခိုက်မှုကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းမှာ၃၇၈ဦးရှိသွားပြီဖြစ်သည်။

အလားတူကာလအတွင်း အီရတ်၌ ဖြစ်ပွားသော မတော်တဆမှုများကြောင့် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းမှာ အနည်းဆုံး၁၆၃ဦး ရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ အလယ်ပိုင်းရှိ ပိုလန် တပ်ဖွဲ့ဝင်များ၏ စခန်းတွင် လုံခြုံရေး စောင့်ကြပ်နေသည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်တောင်ပိုင်း နာဂျက်ဖ်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်နေ့က အမေရိကန်၏ အာဏာလွှဲပြောင်းပေးမှုအစီအစဉ်များကို ကန့်ကွက်သူများက စုရုံးချီတက်ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ် ကျေးလက်အလုပ်သမားငါးသန်း ၂၀၀၈ခုနှစ်တွင် လုပ်ငန်းခွင်သင်တန်းဆင်းများ ဖြစ်ရမည်

ဘေဂျင်း ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံ မြို့နယ်အားလုံးရှိ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုမွမ်းမံသင်တန်းများ တက်ရောက်ရန် တရုတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနက ယခု ရက်သတ္တပတ်မှစ၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စီစဉ်ထား

တရုတ်နိုင်ငံ မြို့နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် ပြင်ဆင်နေသော ကျေးလက်အလုပ်သမားများနှင့်တကွ မကြာသေးမီက ရွေးချယ်ခန့်အပ်ထားသော အလုပ်သမားများနှင့် မန်နေဂျာများအား လုပ်ငန်းခွင်ဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုနည်းပညာ၊ လုပ်ငန်းခွင်စည်းကမ်းကျင့်ဝတ်နှင့် ဥပဒေတို့ကို အဆိုပါ သင်တန်းများ၌ ပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက တရားဝင်အောင်လက်မှတ် ထုတ်ပေးရန် စီစဉ်ထားသည်ဟုသိရသည်။

၂၀၀၈ ခုနှစ်အရောက်တွင် အဆိုပါ သင်တန်းများမှ ကျေးလက်အလုပ်သမားငါးသန်းအား လေ့ကျင့်ပေးပြီးဖြစ်မည်ဟု ခန့်မှန်းရသည်။ တစ်နိုင်ငံလုံးတွင် ကျေးလက်အလုပ်သမားအင်အား သန်းပေါင်း ၄၈၀ရှိသည့်အနက် ၉ဒသမ၁ရာခိုင်နှုန်းသာသင်တန်းဆင်းများဖြစ်ကြောင်း ဝန်ကြီးဌာနက ကြေညာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အရပ်ဘက် မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးသည့်အတွက် ကြေကွဲဝမ်းနည်းနေသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သွေးတိုးရောဂါ သည်နည်းပါးစေရန် ဗီယက်နမ်ကြိုးပမ်း

ဟနွိုင် ဖေဖော်ဝါရီ ၂၀

ဗီယက်နမ်နိုင်ငံ လူဦးရေ၏ ၁၄ ဒသမ ၉ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ ခံစားနေရကြောင်း ၂၀၀၃ ခုနှစ် စာရင်းများက ဖော်ပြနေသည်။ ထိုကိန်းဂဏန်းသည် ၁၉၆၀ ပြည့်နှစ်ကထက် ရောဂါခံစားရသူ ငါးဆတက်လာသည်ကို ညွှန်ပြလျက်ရှိသည်။

အသက် ၄၀ အောက်တွင် သွေးတိုးခံစားရသူ ၃ ဒသမ ၅ မှ ၄ ရာခိုင်နှုန်းအထိရှိသည်။ ထို့အပြင် အသက် ၄၀ မှ ၆၀ အကြားတွင် ၉ ဒသမ ၁ မှ ၁၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် အသက် ၆၀ မှ ၇၅ အကြားတွင် ၁၅ ဒသမ ၄ မှ ၁၉ ဒသမ ၈ ရာခိုင်နှုန်းအထိ အသီးသီးရှိကြောင်း တွေ့ရသည်။

ယခုအခါ ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနသည် ရောဂါခံစားရသူဦးရေ ကျဆင်းသွားစေရန် ပညာပေးလျက်ရှိသည်။ ရောဂါဖြစ်ရခြင်းမှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းယူမှု နည်းပါးခြင်း၊ အလွန်အမင်းဝခြင်း၊ ဆေးလိပ်နှင့် အရက်သောက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အသိပေးလှုံ့ဆော်လျက်ရှိကြောင်း လူငယ်သတင်းစာက ရေးသားဖော်ပြသည်။
အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

အီရတ်တွင် လုပ်ငန်းကန်ထရိုက် အများဆုံးရထားသော အမေရိကန် ဟာလီဘာတန်ကုမ္ပဏီ ပြဿနာများစွာကြုံတွေ့နေရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အမေရိကန်ရေနံလုပ်ငန်း ဟာလီဘာတန်ကုမ္ပဏီကြီးသည် အီရတ်တွင် ကန်ထရိုက်အများအပြား ရရှိထားသည်။ ထိုကုမ္ပဏီသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်း ပံ့ပိုးရာ၌လည်းကောင်း၊ အီရတ် ရေနံလုပ်ငန်းများ ပြန်လည်တည်ဆောက်ရာ၌လည်းကောင်း ကတိကဝတ်အတိုင်း ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း အမေရိကန် လက်ထောက်ကာကွယ်ရေးဝန်ကြီး ဒေါ့ဗ်ဇာခိမ်းက ပြောကြားသည်။

ထောက်ပံ့ရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်စရာ အများအပြားရှိနေသည်။ လိုအပ်သည့်အချိန်တွင် ဖြည့်ဆည်းရန်ရှိသည်များကို လျင်မြန်စွာဖြည့်ဆည်းရမည့်လုပ်ငန်းများကို တိတိကျကျ ဆောင်ရွက်ပေးရမည်ဟု ဒေါ့ဗ်ဇာခိမ်းက ပြောကြားသည်။

လုပ်ငန်းမျိုးစုံ

ဟာလီဘာတန်ကုမ္ပဏီသည် အီရတ်တွင် လုပ်ငန်းကန်ထရိုက် အများဆုံး ရထားသော ကုမ္ပဏီဖြစ်သည်။ ရရှိထားသော ကန်ထရိုက်လုပ်ငန်း တန်ဖိုးမှာ ဒေါ်လာ ၈ ဘီလျံကျော်ဖိုးရှိသည်။ ဆောင်ရွက်ရမည့် ကန်ထရိုက်လုပ်ငန်းများတွင် စစ်ဘက် ခဝါလုပ်ငန်း၊ စစ်အခြေခံစခန်းဆောက်လုပ်ရေးလုပ်ငန်း၊ စစ်သည် ကျွေးမွေးရေးလုပ်ငန်းမှသည် ရေနံလုပ်ငန်း ပြန်လည်ထူထောင်ရေးအထိ အမျိုးစုံ ပါဝင်သည်။ ဟာလီဘာတန်သည် ထိုလုပ်ငန်း အများအပြားကို ကုမ္ပဏီခွဲ (ကေဘီအာ) ကီးလော၊ ဘရောင်းနှင့် ရုဒ်မှတစ်ဆင့် ဆောင်ရွက်သည်။

စုံစမ်း

ထိုကုမ္ပဏီရရှိထားသော ကန်ထရိုက်လုပ်ငန်းများတွင် ကူဝိတ်နိုင်ငံမှ ရေနံနှင့်ဓာတ်ငွေ့များ တင်သွင်းရသည့် အလုပ်လည်း ပါဝင်သည်။ အဆိုပါ ရေနံတင်သွင်းရေး လုပ်ငန်းနှင့် ပတ်သက်၍ ကေဘီအာကုမ္ပဏီသည် ကျသင့်ငွေထက် ဒေါ်လာ ၆၁ သန်း ပို၍တောင်းခံထားကြောင်း စာရင်းစစ်များက တွေ့ရှိထားသည်ဟုဆိုသည်။ ထိုကိစ္စကို ကူဝိတ်အစိုးရကလည်း ကော်မတီဖွဲ့၍ စုံစမ်းလျက်ရှိသည်။

အချိန်အတော်ယူရ

ကေဘီအာကုမ္ပဏီ ဝန်ထမ်းနှစ်ဦးက လောင်စာဝယ်ယူမှု ပြဿနာနှင့် ပတ်သက်၍ လာဘ်ပေးခဲ့ရသည်ဆိုသောကိစ္စကို အမေရိကန်ကာကွယ်ရေးဌာနက စုံစမ်းလျက်ရှိသည်။ ထိုပြဿနာ အများအပြားကို ဖြေရှင်းနိုင်ရန် အချိန်အတော်ယူရဖွယ်ရှိသည်ဟု ဇာခိမ်းက ပြောကြားခဲ့သည်။

အင်တာနက်။



လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ပြင်သစ်၌ တိုးတက်မြင့်မားလာကြောင်း အစီရင်ခံစာတွင် ဖော်ပြ

ပါရီ ဖေဖော်ဝါရီ ၂၀

လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ဓာတ်မတည့်၍ ယားယံမှုဖြစ်ပွားနှုန်း ပြင်သစ်နိုင်ငံတွင် တိုးတက်မြင့်မားလာကြောင်း ကျွမ်းကျင်သူနှစ်ဦးက ပြုစုခဲ့သည့် အစီရင်ခံစာအရ သိရှိခဲ့ရသည်။

လေထုနှင့် ရေထုညစ်ညမ်းမှုများ၊ ဓာတုပစ္စည်းများ စားသုံးမှုတို့ကြောင့် ယခုကဲ့သို့ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

၃၅ ရာခိုင်နှုန်း မြင့်တက်

ပြင်သစ်နိုင်ငံတွင် အနှစ် ၂၀ အတွင်း ကင်ဆာရောဂါ ဖြစ်ပွားမှုသည် ၃၅ ရာခိုင်နှုန်းထိ မြင့်တက်လာသည်။ အာရှဒေသတွင် ရင်သားကင်ဆာဖြစ်ပွားမှုသည် အလွန်နည်းပါးကြောင်း၊ သို့ရာတွင် ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် နေထိုင်သည့် အာရှတိုက်သားများသည် မျိုးဆက်တစ်ခုပြီးနောက် ကင်ဆာရောဂါဖြစ်ပွားမှုသည် ၎င်းတို့နေထိုင်ရာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားသည့် နှုန်းအတိုင်း ဖြစ်ပွားလာကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် တစ်နှစ်လျှင် ကင်ဆာကြောင့် လူပေါင်းတစ်သိန်းခွဲခန့် သေဆုံးခဲ့ရာ သုံးသောင်းသည် ဆေးလိပ်သောက်သုံးမှုကြောင့်ဖြစ်ကာ ကျန်သူများသည် ပတ်ဝန်းကျင် အခြေအနေကြောင့်ဖြစ်ကြောင်း သိရသည်။

ဓာတုပစ္စည်း

အဓိကအချက်များက ဓာတုပစ္စည်းများကြောင့် ဖြစ်သည်။ ဓာတ်မြေသြဇာများမှ ပိုးသတ်ဆေးများနှင့် နိုက်ထရစ်ဓာတ်များကြောင့် ဖြစ်ပွားရသည့်အပြင် အစားအစာများတွင် အသုံးပြုသည့် ကာစီနိုဂျင်ကြောင့်လည်း ဖြစ်ပွားရသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုသည် မွေးရာပါချို့ယွင်းမှုနှင့် ဓာတ်မတည့်၍ ယားယံမှုဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေကြောင်း စီအက်ဖ်အိုင်သတင်းဌာနက ဖော်ပြသည်။

စီအက်ဖ်အိုင်။

အင်္ဂါဂြိုဟ်မျက်နှာပြင်အား ပထမဆုံးအကြိမ်လေ့လာ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အင်္ဂါဂြိုဟ်ဆင်းယာဉ် အပိုကျူနတီသည် ပထမဆုံးအကြိမ်အဖြစ် အင်္ဂါဂြိုဟ်၏မျက်နှာပြင် တူးဆွလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ သိပ္ပံပညာရှင်များ ရွေးချယ်ထားသည့် အက်ကွဲကြောင်းတွင် ဂြိုဟ်ဆင်းယာဉ်သည် ၎င်း၏ စက်ပစ္စည်းများကို အသုံးပြုကာ မျက်နှာပြင်အောက် တစ်လက်မအနက်သို့ တူးဖော်ခဲ့ရာ ခြောက်မိနစ်ခန့်ကြာမြင့်ပြီး၊ ဂြိုဟ်မျက်နှာပြင်အောက်တွင် ရှိနေနိုင်သည့် ပစ္စည်းများကို လေ့လာမည်ဖြစ်သည်။ ပညာရှင်များက ရေရှိမှသာ ဖွဲ့စည်းနိုင်သည့် ဟေမတိုက်သတ္တုဓာတ်များ အမြောက်အမြား ရှိနိုင်သည်ဟု ယူဆထားသည့် နေရာကို တူးဖော်ကြည့်ခြင်းဖြစ်ကာ ရလဒ်များကို မကြာမီသိရှိရမည်ဖြစ်သည်။

အင်္ဂါဂြိုဟ်၏ အခြားတစ်ဖက်ရှိ စပရစ်ဂြိုဟ်ဆင်းယာဉ်သည် သတ်မှတ်ထားသည့်နေရာသို့ ရွေ့လျားလျက်ရှိပြီး ၁၂ ရက်ခန့် ကြာမြင့်မည်ဖြစ်သည်။ သို့ရာတွင် လမ်းတွင် ရပ်နားမှုပေါ်မူတည်ပြီး ရက်ပိုမိုကြာမြင့်နိုင်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

စီစီတီဗွီ။

ဆန္ဒပြ

ဖေဖော်ဝါရီ၂၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ကျင်းပနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်လုံခြုံရေးကိစ္စ အားနည်းချက်များ ပြန်လည်သုံးသပ်နေရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

ဖော်လူဂျာမြို့ အီရတ်ရဲစခန်းကို ပြီးခဲ့သော သီတင်းပတ်က ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ရသော ဖြစ်ရပ်သည် အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့များအတွင်း လုံခြုံရေးဆိုင်ရာ ပြဿနာများရှိနေကြောင်း ဖော်ပြနေသည်ဟု ထိပ်တန်း အမေရိကန်စစ်ဘက်အရာရှိကြီးက ပြောကြားသည်။

ဖော်လူဂျာရဲစခန်း တိုက်ခိုက်ခံရမှုတွင် တိုက်ခိုက်သူ လေးဦးအပါအဝင် အနည်းဆုံး လူပေါင်း ၂၅ ဦး သေဆုံးခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရစ်ချက်မိုင်ယာနှင့် အီရတ်ရှိ အမေရိကန်စစ်ခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ချုပ်ကြီးဂျွန်အဘီဇိတ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရိကာဒိုဆန်ချေ့စ်တို့ကိုပါ စိုးရိမ်ပူပင်သွားစေခဲ့သည်။

၎င်းတို့သည် အီရတ်ရှိ အမေရိကန်တို့၏ လုံခြုံရေး အစီအစဉ်များကို ပြန်လည်စဉ်းစား သုံးသပ်လာရသည့် အခြေအနေအထိ ရောက်လာသည်ဟု ဆိုသည်။

ဗိုလ်ချုပ်ကြီးရစ်ချတ်မိုင်ယာက ယခုကိစ္စသည် ဝါရှင်တန်က စဉ်းစားရမည့် အဆင့်မဟုတ်ပေ။

စစ်မြေပြင်ရှိ နည်းဗျူဟာအပိုင်းကို ကိုင်တွယ်နေသူများကသာ စဉ်းစားရမည့်ကိစ္စဖြစ်သည်ဟု ပြောကြားခဲ့သည်။

အင်တာနက်။

ဘုရှ်အပေါ် ပြည်သူ၏ယုံကြည်မှု သိသိသာသာ လျော့ကျနေကြောင်း စစ်တမ်းများက ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

အမေရိကန်နိုင်ငံတွင် လတ်တလောကောက်ယူသည့် စစ်တမ်းအရ သမ္မတဘုရှ်အပေါ် ယုံကြည်မှု ရာခိုင်နှုန်းသိသိသာသာ လျော့ကျသွားပြီး မကြာမီကထွက်ပေါ်လာသည့် သိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်တွင်လည်း သမ္မတဘုရှ်သည် အမေရိကန်ပြည်သူများအား သိပ္ပံဆိုင်ရာ တွေ့ရှိချက်များနှင့်ပတ်သက်ပြီး လှည့်ဖြားခဲ့ကြောင်း စွပ်စွဲခဲ့သည်။

စွပ်စွဲ

အိုဇုန်းလွှာဖြစ်ပွားမှုမှသည် မဟာဗျူဟာမြောက် လက်နက်များ ထုတ်လုပ်ရေးအထိ သမ္မတဘုရှ်အစိုးရအဖွဲ့၏ အကျိုးစီးပွားပေါ် မူတည်ကာ ဆောင်ရွက်နေသည်ဟု အဆိုပါ သိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်တွင် စွပ်စွဲထားသည်။

အကျိုးစီးပွားကိုသာ ကြည့်ရှု

သမ္မတဘုရှ်သည် သိပ္ပံသုတေသနပြုမှုများနှင့် ပတ်သက်ပြီး အခြေအမြစ်မရှိသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပွားစေသည့် မူဝါဒများချမှတ်ခြင်းအပြင် အီရတ်နိုင်ငံအပေါ် စစ်ဆင်နွှဲသည်အထိ ၎င်း၏အကျိုးစီးပွားကိုသာ ကြည့်ရှုခဲ့သည်ဟု ဖော်ပြခဲ့သည်။

ပိုမိုအားကောင်း

အလျူမီနီယံ သတ္တုဘူးခွံများနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ် ထောက်လှမ်းရေးအချက်များကို လိုရာဆွဲယူပြီး ဆက်ဒမ်ဟူစိန်သည် နျူကလီးယားလက်နက်များ ထုတ်လုပ်နေသည်ဟု သမ္မတဘုရှ်က စွပ်စွဲပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး သမ္မတဘုရှ် အစိုးရဘက်ကလည်း တုံ့ပြန်ပြောကြားလျက်ရှိရာ အငြင်းပွားမှုများ ပိုမိုအားကောင်းလာဖွယ်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

ထောက်ခံပွဲကျင်းပ

ဖေဖော်ဝါရီ၂၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယားခေါင်းဆောင် အယ်စစ္စတာနီအား ထောက်ခံပွဲ ကျင်းပနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သိက္ခာထပ်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိကအရှင်စန္ဒဇောတိသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် သိက္ခာထပ်၊သက်ကြီး ပူဇော်ပွဲများ ကျင်းပပြီး ဖေဖော်ဝါရီ ၂၄ရက်တွင် မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ရွှေခြံအရှင်ယာနိက၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်များ တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်သာယာကုန်း ပရိယတ္တိစာသင်တိုက် ဓမ္မ ကထိက ဘဒ္ဒန္တ တေဇဝန္တ (ဂန္ထဝါစကပဏ္ဍိတ)တို့က ညစဉ် ၇ နာရီမှစ၍တရားတော် များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဖြိုးခြင်းလျှောတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေး

အောင်မိုးခံ

ဒီကနေ့ ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့ရဲ့ သမိုင်းပေး တာဝန်ဟာ ထာဝစဉ်ခိုင်မြဲပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ထူထောင်သွားရေးပင် ဖြစ်ပါတယ်။ ဒါကြောင့် အခုလို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားရမယ့် မူဝါဒ လမ်းစဉ်ခုနစ်ရပ်ကို ပီပြင်စွာ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ဟာ လွတ်လပ်ရေး ကြိုးပမ်းစဉ်က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာတိုင်းရင်းသားခေါင်းဆောင်များ (တိုင်းရင်းသား ကိုယ်စားလှယ်များ) ပင်လုံမြေမှာ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးအတွက် အဓိဋ္ဌာန်ပြု ကမ္ပည်းရေးထိုးခဲ့တဲ့နေ့ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ သူ့ကျွန်ဘဝအောက် ကျရောက်ခဲ့စဉ်ကလည်း အေးအတူပူအမျှ ဖြတ်သန်းခဲ့ရပြီး သူ့ကျွန်ဘဝအောက်က လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့စဉ်ကလည်း သေအတူရှင်မကွာ တိုက်ပွဲဝင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စု ပြိုကွဲမယ့် အန္တရာယ်ကြုံလာပြန်တော့လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေကိုယ်တိုင် တပ်မတော်နဲ့ လက်တွဲကာကွယ်လာခဲ့ကြပါတယ်။

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး မြန်မာနိုင်ငံ ကျွန်စာရင်းအသွင်း ခံလိုက်ရချိန်ကစလို့ ပြည်ထောင်စုဖွား တိုင်းရင်းသား ခေါင်းဆောင်အချို့ရဲ့ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ပုံကို တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းမှာအခုလို ဖော်ပြထားပါတယ်။

"ကယားတောင်တန်းတွင် စောလဖော်နှင့် ထွတ်လူခေါင်းဆောင်သော ကယားနှင့် ရှမ်းအမျိုးသားတို့က တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ ကချင် တောင်တန်းဘက်တွင် ဖုံကန်ဒူးဝါး၊ ဆမားဒူးဝါး၊ ဂရားဒူးဝါး၊ သမာဒူးဝါး နှင့် ဆဒုံးဒူးဝါးတို့ဦးဆောင်သော ကချင်အမျိုးသားများ၊ ဗိုလ်ဖိုးစော၊ ဗိုလ်ထိ တို့ဦးဆောင်သော ဗမာ-ကချင်အမျိုးသားများ၊ ဦးခမ်းလှိုင်၊ စောရန်ပိုင်နှင့် ဦးအောင်မြတ်ခေါင်းဆောင်သော ရှမ်း-ဗမာ-ကချင် အမျိုးသားများက ဇာတိမာန်တက်ကြွစွာ ဗြိတိသျှတို့ကို တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ ချင်း တောင်တန်းနှင့် ချင်းတွင်းမြစ်ညာ ဝဲယာဒေသတွင် ရွှေဂျိုးဖြူမင်းသားနှင့် ကွမ်ဘိခ်ဦးဆောင်သော ချင်းအမျိုးသားများ၊ ဦးကက်၊ ဦးပြားတို့ဦးဆောင်သော ရှမ်း-ဗမာအမျိုးသားများက ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ရှမ်းပြည်နယ်ဘက် တွင် မြင်စိုင်းမင်းသား၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက် စော်ဘွားတို့ ဦးဆောင်သော ရှမ်းအမျိုးသားများသည်လည်းကောင်း၊ 'ဝ'နယ်ဘက် တွင် စောမဟာ၊ နော်ခမ်းဦးတို့ ဦးဆောင်သော 'ဝ' အမျိုးသားများသည် လည်းကောင်း တစ်သွေးတည်း တစ်သားတည်း လက်တွဲ၍ ဆန့်ကျင်တိုက်ခိုက် ခဲ့ကြသည်။

တိုင်းရင်းသားတော်လှန်ရေးသမားများအနက်မှ စောလဖော်၊ ဝန်းသို စော်ဘွား၊ ကွမ်ဘိခ်နှင့် ကိုင်ထွာတို့အကြောင်း အနည်းငယ်မျှစီ ဖော်ပြလိုပေ သည်။

ကန္တရဝတီစော်ဘွား စောလဖော်သည် စောလုံမြို့ကို မိမိ၏ဌာနချုပ် အဖြစ်ထားရှိပြီး ဗြိတိသျှနယ်ချဲ့တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ၁၈၈၆ ခုနှစ်မှစတင်၍ ဗြိတိသျှတို့ထံ အညံ့ခံသူမှန်သမျှကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ရိုးသား၍ အေးဆေးစွာ နေတတ်သူ ဖြစ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်ထက်မြက်သည်။ သို့ရာတွင် ၎င်းအပေါ် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်း၊ စော်ကားခြင်းပြုပါက မလွဲမသွေလက်တုံ့ပြန် ရန်မူတတ်သူဖြစ်ကြောင်း ရောင်းရင်းများက ပြောကြသည်။ ၁၈၉၁ ခုနှစ်တွင် ကောလင်းရှိ ဗြိတိသျှတို့၏ အခိုင်အမာစခန်းကို တိုက်ခဲ့ကြသည်။ ဝန်းသို စော်ဘွားကြီး၏ စည်းစိမ်ဥစ္စာများ အားလုံးကို ဗြိတိသျှအာဏာပိုင်တို့က သိမ်းပိုက်ခဲ့သော်လည်း စော်ဘွားကြီးသည် အညံ့မခံ အရှုံးမပေးဘဲ ရဲဝံ့စွာ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံးတွင် အင်အားမမျှသည့်အခါ လက်နက်ချ အညံ့မခံဘဲ ယူနန်နယ် ဆန်တာသို့ တိမ်းရှောင်ခဲ့ပေသည်။

ချင်းတောင် ဖလမ်းနယ်မှ ကွမ်ဘိခ်သည် တာရှွန်း ချင်းလူမျိုးတို့၏ ခေါင်းဆောင်ဖြစ်၏။ ပညာရှိပြီး ရဲရင့်သူကိုသာ ခေါင်းဆောင်အဖြစ် ရွေးချယ် လေ့ရှိသည့် ချင်းတို့၏ ဓလေ့ထုံးစံနှင့်အညီ ကွမ်ဘိခ်သည် ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ ကွမ်ဘိခ်သည် ချင်းတောင်ခြေတွင် ဗြိတိသျှတပ်ဖွဲ့ တစ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရာ ချင်းမျိုးချစ်သုံးဦးကျဆုံးပြီး တစ်ဦးပြင်းစွာ ဒဏ်ရာရခဲ့သည်။ သို့သော် ဗြိတိသျှတပ်ဖွဲ့ကိုမူ အနိုင်ရခဲ့သည်။ ကိုင်ထွာသည် မုဆိုးကျော်တစ်ဦးအဖြစ်လည်းကောင်း၊ တိုက်ခိုက်ရေးထူးချွန်သူအဖြစ် လည်းကောင်း ထင်ရှားခဲ့သည်။ ကိုင်ထွာသည် ဗြိတိသျှဆန့်ကျင်ရေးတိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည်။ ၎င်း၏မိန့်ခွန်းများနှင့် သီချင်းများမှာ နယ်ချဲ့ ဆန့်ကျင်ရေးသမားတို့အား အားတက်စေခဲ့သည်။ ကိုင်ထွာသည် သုံးနှစ်ခန့် ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

အလားတူပင် တောင်ပေါ် မြေပြန့်မခြား တိုင်းရင်းသားတွေဟာ လွတ်လပ် ရေးအတွက် ပြောင်မြောက်စွာ မျိုးဆက်လိုက် တိုက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားတို့ရဲ့ သူ့ကျွန်မခံ မျိုးချစ်ဇာတိမာန်နဲ့ ပတ်သက်လို့ မြန်မာ့ လွတ်လပ်ရေးကြေညာစာတမ်းကြီးတွင် အခုလို ဖော်ပြ ခဲ့ပါတယ်-

"ဘူမိနက်သန်၊ မှန်လှထူးချွန်၊ ဤ မြေမွန်မြေမြတ်၌ ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ၊ သချၤာပွားတက်၊ ရေတွက်ခြင်းငှာ၊ မတတ်နိုင်ရာသော၊ ရာဇဝင်ရှည်ဝေး၊ ရှေးပဝေသဏီမှစ၍၊ တညီတညွတ်၊ တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြကုန်၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ထို့နောက် မန္တလေးအထိ ငါတို့ လွတ်လပ်ရေးသည် နေရောင်အဝါ၊ ကဲ့ပမာသို့ တဖြာတဝင်းဝင်း ကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏။"

ဒါကြောင့် မြန်မာပြည်ဖွား တိုင်းရင်းသားတို့ဟာ လွတ်လပ်ရေးရသည်အထိ ပြန်လည်တိုက်ပွဲဝင်ခဲ့ကြပြီး ပြည်ထောင်စုကြီးကို ထိန်းသိမ်းကာကွယ်လာခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာခဲ့တဲ့ အစိုးရအဆက်ဆက် တွင် တည်ဆဲတပ်မတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေး မူဝါဒကြီးသုံးရပ်ကို ထာဝစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသား လူမျိုးများနဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ဦးစားပေးဆောင်ရွက်လာခဲ့ပါတယ်။ တစ်ချိန်က ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခကြောင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသအချို့နဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးမှုတွေ နောက်ကျကျန်ခဲ့လို့လည်းဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်၏ ဒေသတစ်ခုနှင့်တစ်ခု ဆူကြုံနိမ့်မြင့် ကွာဟချက် နည်းနိုင်သမျှနည်းစေရန်၊ နယ်စပ်ဒေသများတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက် ပေးနိုင်ရန် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း** မိန့်ကြားခဲ့ပါတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅-၅-၈၉ ရက်နေ့က အဖွဲ့ဝင်ငါးဦးဖြင့် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ (၄-၂-၂၀၀၃ ရက်နေ့ကစပြီး အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်နေပြီလို့ သိရပါတယ်။) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဥက္ကဋ္ဌအဖြစ် ပါဝင် သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ ရက်နေ့မှာ ဖွဲ့စည်း ဆောင်ရွက်လာခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် သွားနိုင်ဖို့အတွက် ၃၀-၁-၉၄ ရက်နေ့တွင် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကိုပါ တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်လာခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်း ဆောင်ရွက်လာမှုကြောင့် အစိုးရအဆက်ဆက်ကို နှစ်ကြာရှည်စွာ လက်နက်ကိုင် ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ကြပါတယ်။ ဒါဟာ ယခင် အစိုးရ အဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့တဲ့ အမျိုးသားပြန်လည် သင့်မြတ် စည်းလုံးရေး သမိုင်းဝင် အောင်မြင်မှုလည်းဖြစ်ပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ဒေသတွေကတော့-

ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ရှမ်းဒေသ၊ ကချင် အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုးဝ် ဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနဲ့ နာဂဒေသတို့ ဖြစ်ပါတယ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်တိုင်းအတွင်းရှိ ဒေသ ၁၈ ခုရဲ့ အကျယ်အဝန်းဟာ ခန့်မှန်း(၈၃၄၁၅ ဒသမ ၃၄) စတုရန်းမိုင်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီကနေ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများနေထိုင်တဲ့ဒေသတွေမှာ တစ်မူထူးခြားစွာ ပြောင်းလဲ တိုးတက်လာရုံမက နယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းလာတဲ့ အတွက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း တွေကို အထူးတလည် အောင်မြင်စွာ ဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါတယ်။ ဒီဒေသများသို့ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံ တကာမှ လေ့လာသူများကို ဖိတ်ခေါ်ပြသနေပြီလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်အစိုးရဟာ မြို့ပြနဲ့ ကျေးလက်ကွာဟမှု လျော့နည်းသွားစေရေး အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင် အထည်ဖော်နေတာ ဖြစ်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ INFRASTRUCTURE ဖြစ်တဲ့ အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်လာမှုနဲ့ အတူသာ SUPERSTRUCTURE အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေးရာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဒီမိုကရေစီ ရေး၊ လူ့အခွင့်အရေး စတာတွေဟာ လိုက်ပါပြောင်းလဲလေ့ ရှိတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ဖြစ်ပေါ် လာရေးအတွက် နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

မိုးကုတ်ဝိပဿနာ (၁၀)ရက်စခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း အလုံမြို့နယ် ငုဝါလမ်း မဟာအောင်မြေ ဓမ္မိကာရုံကျောင်း တိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၄၈) တွင် ကျေးဇူးတော်ရှင် မိုးကုတ်ကြီး၏ ဥပနိဿယအတိုင်း ၁၀ ရက် စခန်းပွဲ ကို ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီးမှ နည်းလှည့် ဓမ္မကထိက ဦးကုဏ္ဍလ (မော်ကျွန်း)နှင့်အဖွဲ့ချုပ်ဓမ္မကထိကဆရာ ကြီးဦးစိန်ဝတို့က သစ္စာလေးပါးတရား တော်များကို ဟောကြားပြသမည် ဖြစ်ရာ တပေါင်းလပြည့် နံနက် ၆ နာရီတွင် ယောဂီများစာရင်း လက်ခံ မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဗန်းမော်မြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဆိုကရေးတီးပြိုင်ပွဲဆုရသူများနှင့်ဘွဲ့တံဆိပ်၊ ထူးချွန်ဆုရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပရာ အသင်း နာယက ဒေါက်တာတင်မောင်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ရဦးထွန်းထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော် "ဓိပ္ပလ္လာသ (၁၂)ပါး"**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Principle of Selesation and Perception Perceptual groupings Perceptual constary (ပထမနှစ်စိတ်ပညာ)
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ မြန်မာ့ရှုခင်း
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစုး မယ့်ရွှေနဖူးစာ" အပိုင်း(၉)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" အပိုင်း (၃၀)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

✪ **ရှေ့ဖုံးမှ**

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘော တူညီချက်များ အကောင်အထည်ဖော်ရေးကို ကော်မတီဖွဲ့စည်းပြီးဖြစ်သည်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အချို့သဘောတူညီမှုများ ဆောင်ရွက်ပြီးဖြစ်သလို အချို့မှာ ဆက်လက် ဆောင်ရွက်ဖွယ်ရာများ ရှိနေကြောင်း၊ အနာဂတ်တွင် ပြုလုပ်မည့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကိုလည်း စနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ဆဲနှင့် အနာဂတ် ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးတင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ–တရုတ် ပူးတွဲအကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဌာန အသီးသီးမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များက မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

အတွင်းရေးမှူး(၂)၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) **ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိလာကြသည်။**

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့် အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်ပါလာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံခြားရေးရာကော်မတီနှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဘောဟိုင်၊ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် မစ္စတာယဲ့မေကျန်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့အမှုဆောင်အဖွဲ့ဝင် မစ္စစ်ယွန်ဆွေတုန်၊ အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးချုပ် မစ္စတာမာကျင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

▲ **မြန်မာ–ထိုင်းမှ**

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် ထိုင်းနိုင်ငံ Siam Jonathan Co., Ltd မှ Chairman Mr. Aroon Inthanapasart နှင့် Managing Director Mr. Jirawat Supaseta Anun တို့က ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီမှု စာချွန်လွှာကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ ငါးလုပ်ငန်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Sitdhi Boonyaratpalin နှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုမဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် ယဉ်ကျေးမှုမဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိထားသည်။

နှောင်း၊ မြင်းမူမောင်နိုင်မိုး၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ သောင်းဝင်း(လှိုင်)၊ မင်းရဲကျော်၊ မောင်ပြည့်စွမ်း(ပင်လယ်ဘူး)၊မောင်ခိုင်နွယ်၊ ရေနံ့သာ မောင်ကျော်ညွန့်တို့၏ ကဗျာများ၊ ကထိကရဟန်း၊ ဣန္ဒာဆွေ၊ ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တိုက်စိုး၊ ချစ်စံဝင်း၊ မင်းသျှင်အောင်(တွံတေး)၊ ဦးဝင်းနိုင် (သုတေသနအရာရှိ)၊ ရွှေခိုင်ကျော်(မြောက်ဦး)၊ တက္ကသိုလ်သျှင်သီရိ၊ ဖိုးအေး(မြန်မာ့အသံ)တို့၏ ဆောင်းပါးများ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် သူရိန်ဝင်း(ဓိုးကုန်း)၏ ဗုဒ္ဓစာဥယျာဉ်တို့နှင့်အတူ ကဗျာ၊ ကာတွန်း၊ ဟာသကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က–ပ)



ဖေဖော်ဝါရီ ၂၁ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စီစဉ်မှုဖြင့် ကျောက်မြောင်းကြီးရပ်ကွက် အတွင်းတွင် ရပ်ကွက်ငါးရပ်ကွက် စုပေါင်း၍ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြရာ မြို့နယ် အတွင်းရေးမှူး ဦးစိုးမြင့်၊ မြို့နယ် အဖွဲ့ဝင်(၂) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းသိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းညွန့်တို့က လိုက်လံကူညီ ဆောင်ရွက်ပေးကြစဉ်။ (ကြေးမုံ)

ခေါင်းဆောင်သူ၏လက္ခဏာများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကြေးမုံသတင်းစာ၊ ပြည်မြန်မာ၊ ရွှေနိုင်ငံ၊ အကောက်ခွန်ဂျာနယ်များ၊ နိုင်ငံ့ဂုဏ်ရည်၊ မြက်ခင်းသစ်၊ သုတစွယ်စုံ စသည့် မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီးသော ပေးစာများကို စုစည်း၍ ဆရာ၊ မိဘ၊ လူငယ်တိုင်း လက်စွဲပြုသင့်သည့် ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများ စာအုပ်ကို နိုင်စာပေ အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၊ ဖုန်း– ၀၁–၃၇၉၇၇၀ က ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ကမ္ဘာ့ဗုဒ္ဓဘာသာ ထေရဝါဒတက္ကသိုလ် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

❒ **စတုတ္ထအကြိမ်မှ**

ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညီလာခံ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရေး အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းပေးထားပြီး ကော်မတီအလိုက်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက် ရှိနေကြောင်း။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ထေရဝါဒအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စနစ်တကျ ပီပီပြင်ပြင်ကျင်းပသွားနိုင်အောင် ကော်မတီများအနေဖြင့် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်စီမံ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အတွေ့အကြုံများရရှိထား

ယခင် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံများ၏ အတွေ့အကြုံများကိုလည်း မိမိတို့ရရှိထားပြီးဖြစ်ရာ ယခု မိမိတို့လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ပိုမိုစနစ်ကျနစွာဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်အောင် ပြင်ဆင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပြီးသောကော်မတီ၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စီမံလန်းစိုပြည်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အစည်းအဝေးများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က မိမိတို့ဆပ်ကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံး ညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြသထားသည့် ကမ္ဘာအေးမဟာပါသာဏ လိုဏ်ဂူ အရှေ့ဘက်မုခ်ဦး နမူနာ ဒီဇိုင်းပုံစံနှင့် လိုဏ်ဂူအတွင်းအပြင်၌ ကပ်လှူပူဇော်လျက်ရှိသည့် ကျောက်စိမ်းနမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ရောက်ရှိကြပြီး မဟာပါသာဏလိုဏ်ဂူအရှေ့ဘက်မုခ်ဦး နဖူးစည်းနှင့် ပရဝဏ်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်း၊ မဟာပါသာဏလိုဏ်ဂူ အတွင်းပိုင်း မွမ်းမံမှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားပြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေမှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွန်ပျူတာငါးလုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ဝန်ကြီးများရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun က ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကျေးဇူးတင်စကားပြောကြားပြီး သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ ကွန်ပျူတာများ ပေးအပ်လှူဒါန်းစဉ်။

(လဝက)

Made in India Show ကုန်စည်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေး အစီအစဉ်အရ ခင်းကျင်းပြသလျက်ရှိသော Made in India Show ကုန်စည်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန အဆောက်အအုံ၌ တတိယနေ့အဖြစ် ဆက်လက် ခင်းကျင်းပြသလျက်ရှိရာ ကြည့်ရှုလေ့လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ဝယ်ယူအားပေးကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲကို ဖေဖော်ဝါရီ ၂၂ရက်တွင် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသသွားမည်ဖြစ်ပြီး အိန္ဒိယသမ္မတနိုင်ငံ ကုမ္ပဏီအသီးသီး၏ ထုတ်ကုန်ပစ္စည်းများကို မြန်မာဈေးကွက်တွင်းသို့ မိတ်ဆက် ရောင်းချခြင်းဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုဝယ်ယူ အားပေးနိုင်သည်။

(သတင်းစဉ်)

ရှင်သာမဏေ ဓမ္မဗိမာန် သမထဝိပဿနာသင်တန်း

ရန်ကုန်　ဖေဖော်ဝါရီ　၂၁

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာသင်တန်းကို မတ်၂ရက်မှစ၍ ညနေ ၅နာရီမှ ၆နာရီခွဲထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် ဒလအုံကြီးလယ်တီမူဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။　(က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာလူငယ်ဘောလုံးအသင်း အောင်မြင်မှုသမိုင်းမှတ်တိုင်များ တစ်ဆင့်ပြီးတစ်ဆင့် စိုက်ထူနေ ဘောလုံးအားကစားအဖွဲ့ချုပ်အနေနှင့် ယခုအောင်မြင်မှုကို ဆက်လက် ထိန်းသိမ်းထား နိုင်ငံတကာပြိုင်ပွဲတိုင်း၌ အောင်နိုင်မှုများဖြင့် ပြည်သူအများ၏ ကျေးဇူးတုံ့ပြန်

ရန်ကုန်　ဖေဖော်ဝါရီ　၂၁

ထိုင်းနိုင်ငံ ဖူးကတ်မြို့တွင် ကျင်းပခဲ့သော ဘင်းမ်စတက် နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယကများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားသမားများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း အားကစားသမားများ ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်နေမှုနှင့် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကစားနေမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် မြန်မာ ဘောလုံးအသင်း အောင်ပန်းဆင် အနိုင်ရရှိစေရန်အတွက် မြန်မာ တစ်မျိုးသားလုံးက အာသာဆန္ဒ ပြင်းပြစွာ မျှော်လင့်တောင့်တပြီး အားပေး ချီးမြှောက်နေသော ယနေ့ အချိန်အခါ၌ မြန်မာလူငယ်ဘောလုံးအသင်းများအနေနှင့် အာဆီယံ လူငယ် ဘောလုံးပြိုင်ပွဲ၊ ဘင်းမ်စတက် လူငယ် ဘောလုံးပြိုင်ပွဲတို့တွင် ပထမဆုဖလားကြီးများ အကြိမ်ကြိမ် ဆွတ်ခူးအောင်ပန်းဆင်နိုင်ခဲ့ခြင်းသည် မြန်မာလူငယ် ဘောလုံးလက်ရွေးစင် အားကစားသမားများအတွက်သာမက မြန်မာတစ်မျိုးသားလုံးအတွက် အားရဂုဏ်ယူဖွယ် ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

> **မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းက ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြန်မာလူငယ်လက်ရွေးစင် အသင်းများအနေနှင့် ၂၀၀၂ ခုနှစ်၌ ပထမအကြိမ် အာဆီယံ အသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ်၌ ပထမအကြိမ် အာဆီယံ အသက် (၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတို့တွင် နှစ်နှစ်ဆက်တိုက် ပထမဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခု ၂၀၀၄ ခုနှစ်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာလူငယ်ဘောလုံးအသင်းအတွက် အောင်မြင်မှု သမိုင်းမှတ်တိုင်များ တစ်ဆင့်ပြီး တစ်ဆင့် စိုက်ထူနိုင်နေခြင်းပင် ဖြစ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

အမျိုးသားရေးအဖြစ်ခံယူ

ယနေ့ အချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစား စသည့် နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် နိုင်ငံတကာ့ အလယ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာမြင့်မားထည်ဝါစေရန် တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသော အချိန်အခါဖြစ်ကြောင်း၊ ဤကဲ့သို့ အချိန်အခါမျိုးတွင် အားကစား အောင်နိုင်ရေးကို အမျိုးသားရေးအဖြစ် ခံယူပြီး မြင့်မားသော ရည်မှန်းချက်၊ ထက်သန်ပြင်းပြသော သန္နိဋ္ဌာန် စိတ်ဓာတ်၊ မဆုတ်မနစ် ဇွဲလုံ့လဝီရိယ တို့နှင့် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအားကစား ပြိုင်ပွဲများတွင် အောင်ပန်းဆင် အနိုင်ရရှိမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ပိုမိုမြင့်မားထည်ဝါ တင့်တယ်စေသည်ဆိုသည့် ခံယူချက်နှင့်အညီ "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်" ဆိုသည့် မွန်မြတ် မြင့်မားသော အန္တိမရည်မှန်းချက်ထားရှိပြီး အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်အားကစားဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြန်လည်ဦးမော့

နိုင်ငံတော်အစိုးရ၏ မှန်ကန်သော အမျိုးသားအားကစား မြှင့်တင်ရေး မူဝါဒများ၊ စနစ်တကျ စီမံချမှတ်အားပေးဆောင်ရွက်မှုများ အပြင် ပြန်လည်ပြီး သွေးသစ်လောင်း ဖွဲ့စည်းပေးခဲ့သော အားကစားအဖွဲ့ချုပ်များ၏ တက်ကြွသည့် လှုပ်ရှားဆောင်ရွက်မှုများ၊ တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ထက်သန်သည့် အားပေးထောက်ကူမှုများ၊ အားကစားသမားမောင်မယ်များ၏ မဆုတ်မနစ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့် ပြည်သူအများ၏ အားပေးချီးမြှောက်မှုများ ပေါင်းစည်းပြီး ယခုအချိန်အခါတွင် မြန်မာ့အားကစား အဆင့်အတန်း သည်ညှိုးမှိန်နေရာက ပြန်လည်ဦးမော့လာနေပြီဖြစ်သည်ကို ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

ယခုဆိုလျှင် မြန်မာ့အားကစားသည် အရှေ့တောင်အာရှပြိုင်ပွဲများတွင် ပြန်လည် အောင်ပန်းဆင်လာနေပြီဖြစ်သည့်အပြင် အချို့သော အားကစားနည်းများတွင် အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်သို့တိုင် ထိုးဖောက်ဝင်ရောက် အောင်မြင်ဖြစ်ထွန်းစပြုနေပြီဖြစ်ကြောင်း။

သို့သော်လည်း အမျိုးသားအားကစားနည်းဟု ဆိုရမည့် ဘောလုံးအားကစားသည် ထိုက်သင့်သည့် အောင်နိုင်မှုများနှင့် ဝေးနေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်သောအခါက မြန်မာ့ဘောလုံးအားကစား၏ အရှေ့တောင်အာရှမှသည် အာရှအဆင့်တိုင် ထွန်းပေါက်အောင်မြင်ခဲ့သည့်အောင်နိုင်မှုဆုလာဘ်များ ပြန်လည်ရရှိရေးအတွက် တစ်မျိုးသားလုံးက အာသာဆန္ဒ ပြင်းပြစွာ၊ မျှော်လင့်ချက်ကြီးမားစွာနှင့် အားပေးစောင့်မျှော်လျက်ရှိနေခဲ့ကြရကြောင်း။

ဤသို့ တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှုကြောင့် မြန်မာ့ဘောလုံးအားကစားသည် အောင်နိုင်မှုအဆင့်များ ရံဖန်ရံခါရရှိလာခဲ့သော်ငြားလည်း တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှု၊ မျှော်လင့်တောင့်တမှုများနှင့် နှိုင်းစာလျှင် ထိုက်တန်သော အောင်နိုင်မှုများ ရရှိရန် လိုအပ်နေသေးသည်ကို တွေ့ရကြောင်း၊ ဤအခြေအနေမျိုးတွင် တစ်မျိုးသားလုံးက အားမလျှော့ဘဲ ပိုမိုထက်သန်သော အားပေးမြှောက်မှုများနှင့် ချီးမြှောက်ဆောင်ရွက်လာခဲ့သည့်အတွက် ယခုဆိုလျှင် ထူးချွန် ထက်မြက်သော မျိုးဆက်သစ် လူငယ် ဘောလုံးသမားများ ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး မြန်မာလူငယ် ဘောလုံးအသင်းများသည် အောင်နိုင်မှုများ စတင် ဆွတ်ခူးလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲတွင် အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say It in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ **မြန်မာဗီဒီယိုဓာတ်လမ်း ယောက်ဖမျက်နှာ (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဗေဒါ)**
၁၂:၄၅ ၃။ Milo Success in Soccer.
၁:၀၀ ၄။ **၂၀၀၄ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ်ချန်ပီယံ မြန်မာ (အုပ်စုဒုတိယပွဲ) (မြန်မာနှင့်ဘူတန်)**
၂:၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၁၈)**
၂:၃၅ ၆။ တေးဂီတအစီအစဉ်
၂:၄၅ ၇။ International News.
၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၇:၁၅ ၁၂။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပု ပြိုင်ပွဲ၊ ပြပွဲအကြောင်း သိကောင်းစရာများ
၇:၃၀ ၁၃။ နွဲ့စို့တူပျော် ဆလုံ တိုင်းရင်းသားပွဲတော်
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

✧ စာမျက်နှာ ၉ မှ

ယနေ့ဆိုလျှင် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အသက်(၁၈)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းများသည် ပထမဆုံးအကြိမ်ကျင်းပခဲ့သော အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲများနှင့် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲသုံးမျိုး၌ ပထမဆုများကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခြင်းသည် မျိုးဆက်သစ် လူငယ်ဘောလုံး အားကစားသမားများအတွက် ထူးခြားသောအောင်မြင်မှုဟု ဆိုရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ယနေ့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော အသက်(၁၈)နှစ်အောက်မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ ပေးဂိုးမရှိ ဆက်တိုက်အောင်နိုင်ခဲ့သည့်အပြင် ဗိုလ်လုပွဲတွင် ပွဲချိန် ၇၆မိနစ်လုံးလုံး ဘောလုံးသမား ၁၀ယောက်တည်းနှင့် အောင်နိုင်မှုရရှိအောင် ဖွဲ့လုံ့လ ဝီရိယစိတ်ဓာတ် မြင့်မားစွာနှင့် အပြင်းအထန်ကစားနိုင်ခဲ့ခြင်းကြောင့် အောင်ပွဲဆင်အနိုင်ရရှိခဲ့ခြင်းဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူမဆုံးဖွယ်ပင်ဖြစ်ကြောင်း။

ဤကဲ့သို့ ထူးခြားစွာအောင်မြင်မှုရရှိခြင်းသည် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း၏ သက်လုံကောင်းမှု၊ စုစည်း ညီညွတ်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည့်အတွက် လူငယ်ဘောလုံးအားကစားသမားများကိုရော အုပ်ချုပ်သူများ၊ နည်းပြများကိုပါ ယနေ့ ထိုက်တန်စွာ ချီးကျူးဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

သို့သော် လက်ရွေးစင် ဘောလုံးအသင်း အားလုံးအနေနှင့် တစ်ပြေးညီ အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်နေသေးကြောင်း၊ အားပေးမှုအနေနှင့် ပြောရလျှင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် မြန်မာလက်ရွေးစင် ဘောလုံးအသင်း၊ မြန်မာလက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၊ အသက်(၂၃) နှစ်အောက်၊ အသက်(၂၀)နှစ်အောက်၊ အသက်(၁၈)နှစ်အောက်၊ အသက်(၁၇)နှစ်အောက်၊ အသက်(၁၆)နှစ်အောက် စသည့်လက်ရွေးစင်ဘောလုံးအသင်းအဆင့်ဆင့်နှင့် နည်းပြများ၊ နည်းစနစ်မှူးများအတွက်ပါ လစဉ်ထောက်ပံ့ကြေး၊ နေထိုင်စားသောက်စရိတ်၊ စခန်းသွင်းလေ့ကျင့်စရိတ်များ ထောက်ပံ့ပေးခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ်မှစတင်ပြီး မြန်မာ့ဘောလုံး အားကစားမြှင့်တင်ရေးအတွက်မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီမှတစ်ဆင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်သို့သော်လည်းကောင်း စဉ်ဆက်မပြတ်ထောက်ပံ့ အားပေးခဲ့ရာမှာ ယခုအချိန်အထိ ငွေကျပ်သိန်းပေါင်း ၆၇၄၀ ကျော်၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၅၅၀၀၀၀နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ရှိခဲ့ပြီဖြစ်ကြောင်း။

ဤအတွက်နိုင်ငံတော်၏ ကိုယ်စားသော်လည်းကောင်း၊ ဘောလုံးအားကစားသမား မောင်မယ်များ၏ ကိုယ်စားသော်လည်းကောင်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူရကြောင်း တစ်ဆက်တည်းပြောကြားလိုကြောင်း၊ အားကစားသမား အားလုံးကလည်း ကျေးဇူးတင်ကြရမှာ ဖြစ်ကြောင်း။

ထို့အပြင် သွေးသစ်လောင်းပြန်လည်ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်အနေနှင့် ပထမဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သော ပထမအကြိမ်ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များအတွက် အားတက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ဘောလုံး အားကစားအဖွဲ့ချုပ်သစ်အနေနှင့် ယခုအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် တိုးတက်အောင်မြင်မှုများရရှိအောင် မှန်ကန်သောဦးဆောင်မှု၊ တက်ကြွသောအားမာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေနှင့်လည်း မြန်မာလူငယ် ဘောလုံးသမားများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရှေ့အလားအလာကောင်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ပေးနိုင်စေရန်အတွက် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြှင့်တင်ပေးရေး အစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း မြှင့်တင်ရေးအတွက်စံပြည့်မီ ဘောလုံးလေ့ကျင့်ကွင်းများ၊ ပြိုင်ပွဲအဆင့် ဘောလုံးကွင်းများ တိုးချဲ့ဖော်ထုတ်သွားရန်ရှိပြီး ဘောလုံးကွင်းများ အဆင့်မြှင့်တင် မွမ်းမံသွားရန်၊ ဘောလုံးအားကစား အသင်းအလိုက် အဆင့်အတန်း ပြည့်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် နည်းပြများ၊ နည်းစနစ်မှူးများပြည့်စုံစွာ တာဝန်ပေးအပ်သွားရန်၊ အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ အာဟာရပြည့်ဝသော အားဖြည့်အစားအစာများ ပြည့်စုံမှန်ကန်စွာ စားသုံးနိုင်ရေးနှင့် တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများ ပုံမှန်စစ်ဆေးမှတ်တမ်းတင်နိုင်ရေးတို့အတွက် အသင်းလိုက်ဆရာဝန်များ တာဝန်ပေးအပ်သွားရန်စသည့် အစီအမံများ စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ဘောလုံးအားကစားသမားမောင်မယ်များ အဆင့်အတန်းမြင့်မြင့်မားမားနှင့်နေထိုင် စားသောက်နိုင်စေရအောင်၊ ဘောလုံးအားကစားကိုသာ စိတ်အေးချမ်းမြေ့စွာ အာရုံစူးစိုက်လေ့ကျင့်နိုင်စေရအောင်၊ နိုင်ငံတကာအဆင့်မီ အားကစားဝတ်စုံများ၊ အားကစားနည်းစနစ်များ၊ အားကစားပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံ ရရှိသုံးစွဲလေ့ကျင့်နိုင်စေရအောင် အဘက်ဘက်က အားပေးထောက်ပံ့သွားရန်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ဤသို့မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အောင်နိုင်မှု အရှိန်အဟုန်များ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများနှင့် အားကစားဝါသနာရှင်ပြည်သူများ အားလုံးက တစ်ခဲနက်အားပေးချီးမြှောက်လျက်ရှိသည့်အခြေအနေအချိန်အခါကောင်းတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမား မောင်မယ်များ ကလည်း စိတ်ဓာတ်ရေးရာမြင့်မားခိုင်ကျည်စွာနှင့် ဖွဲ့လုံ့လဝီရိယအပြည့်အဝထားရှိပြီး အားထုတ်ကြိုးပမ်းသွားကြရန်လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

ယနေ့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော အသက်(၁၈)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအားကစားသမားများကလည်း မိမိတို့ထိုက်တန်စွာ စွမ်းဆောင်ရရှိခဲ့ပြီဖြစ်သော အောင်နိုင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် ဆက်လက်ပြီး အောင်ပန်းအလီလီ ဆွတ်ခူးနိုင်ရန် မယုတ်မလျော့သော သန္နိဋ္ဌာန်စိတ်ဓာတ်၊ သံမဏိစိတ်ဓာတ်နှင့် အားထုတ်ကြိုးပမ်းသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ပြည်သူများ၏ တစ်ခဲနက်အားပေးမှု၊ ပြည်သူများ၏ ချစ်ခင်မှု၊ ပြည်သူများ၏ အားထားမျှော်လင့်မှုများ တိုးပွားသည်ထက် တိုးပွားလာစေရအောင် ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲတိုင်း၌ အောင်နိုင်ခြင်းဆိုသည့်ကျေးဇူးတုံ့ပြန်မှုများဖြင့် ပြည်သူအများ၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်နိုင်ရန် ဆက်လက်ကြိုးစားသွားကြပါဟုတစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မိမိနိုင်ငံတော်နှင့် မိမိလူမျိုး၏ ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးခဲ့သော မြန်မာလူငယ် ဘောလုံးအသင်းနှင့်တကွ အားကစားသမား တစ်ဦးချင်းတို့ကို နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ရှေ့ဆက်ပြီး အောင်ပန်းအလီလီ ဆွတ်ခူးရင်း နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးနိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်သည့် အားကစားသမားများနှင့် နည်းပြများအား တစ်ဦးလျှင်ကျပ် ၁၀သိန်းနှုန်း၊ အသင်းအုပ်ချုပ်သူနှင့် ဆရာဝန်တို့အား တစ်ဦးလျှင်ကျပ်ငါးသိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်းငွေကျပ်သိန်း ၂၃၀ကို မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းမှ တစ်ဦးချင်းစီသို့ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက ဂုဏ်ပြုချီးမြှင့်ငွေဘတ် ၁၀၀၀၀ကို နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမရက အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ အဂ္ဂမဟာသီရိ သုဓမ္မသီရိ(လူမှုထူးချွန်ပထမဆင့်) ဒေါ်နန်းသန်းထွေး မိသားစုတို့ကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်နှင့် ဒါရိုက်တာ ဦးဝေယံအောင်တို့က အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား အားကစားသမားများနှင့် နည်းပြများအတွက် တစ်ဦးလျှင် ကျပ်ငါးသိန်းနှုန်း၊ အုပ်ချုပ်သူနှင့် ဆရာဝန်တို့အတွက်တစ်ဦးလျှင် ကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၁၅ သိန်းကို အသင်း အုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ထံ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒဂုံအင်တာနေရှင်နယ် လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ် သိန်း ၁၀၀၊ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ်သိန်း ၇၀၊ TMW Enterprise မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ငွေကျပ် ၃၀၆၀၀၀၀၊ Asia World Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၃၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ် သိန်း ၂၀၊ Myanmar Teak Wood Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က ငွေကျပ် ၁၅သိန်း၊ Suntao Technology Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးရဲဖုန်းလှိုင်က ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်ကိုးသိန်း တန်ဖိုးရှိ Panasonic Video Camera တစ်လုံး၊ Forture International Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမြဟန်၊ ရတနာဝင်း(သုံးဆယ်) ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးခင်မြင့်၊ United Commercial Group Co.Ltd၊ Myanmar Auto Mobile Group Co., Ltd နှင့် တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဦးရှိန်ဝင်းတို့က ငွေကျပ် ၁၀သိန်းစီ၊ Tokyo Pipe Co. ဥက္ကဋ္ဌ ဦးသိန်းဟံနှင့် Benhur Trading Co မန်နေဂျင်း ဒါရိုက်တာ ဦးကျော်အောင်တို့က ငွေကျပ် ၅၂၀၀၀၀၊ ကျော်သာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းလွင်နှင့် Southern Metal Industry Co. Ltd မန်နေဂျင်း ဒါရိုက်တာ ဦးရန်ဟိုတို့က ငွေကျပ် ၅၂၀၀၀၀၊ ယုဇနကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာမြတ်လှိုင်၊ Asia Express Co., Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒူးယားစီးကရက် ရောင်းဝယ်ရေး၊ Central Development Group မှ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ သိန်းသန်းစံ ကုမ္ပဏီလီမိတက်ကငွေကျပ်တစ်သိန်း၊ Asia Technology Group Ltd. က ငွေကျပ် တစ်သောင်းတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဒုတိယ တပ်မတော်ထောက် လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အကျဉ်းဦးစီးဌာန ၂၀၀၃ခုနှစ် တတိယလေးလပတ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ၂၀၀၃ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ်ရှိ အကျဉ်း ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘမြင့်၊ ပြည်ထဲ ရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ အကျဉ်းထောင်အလုပ်စခန်းတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အဖွဲ့အစည်းများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတာဝန်များကို ထမ်းဆောင်ရသည့် အဖွဲ့အစည်းများဖြစ်သည်နှင့်အညီ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာပြီး စွမ်းရည်ပြည့်ဝသည့် အဖွဲ့အစည်းများဖြစ်စေရန် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဌာနတွင်းစည်းလုံးညီညွတ်မှုဖြင့် ဌာန၏ရည်မှန်းချက်လုပ်ငန်းတာဝန်များ ပြည့်ဝအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၏ စားဝတ်နေမှု သက်သာချောင်ချိစေမှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာစောင့်သိပြီး အလုပ်အကျွေးပြုသည့် ဝန်ထမ်းကောင်းများဖြစ်စေရန် ကျင့်ကြံနေထိုင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသာမက ကြက်၊ဝက်၊ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးတက်သည်ထက် တိုးတက်အောင် တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာန၏လုပ်ငန်းများကို အမျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့်အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အကျဉ်းဦးစီးဌာန၏ ၂၀၀၃ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားအုတ်မြစ်တိုင် ကြံ့ခိုင်ရေးလုပ်ငန်းနှင့် မြစ်ကမ်းထိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အသေးစိတ်ရှင်းလင်း

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ကျိုန်ပင်ဆည်ဘက်ကမ်း မြစ်ကမ်းထိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးချစ်ခင်၊ ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးခင်မောင်ဦးတို့က အရေးပေါ်ကြံ့ခိုင်ထိန်းသိမ်းခြင်းနှင့် ရေရှည်အတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဘိုးပိုင်အခြေပြုကျောက်စီတမံလုပ်ငန်း၊ အုန်းတုံးအခြေပြုကျောက်စီတမံလုပ်ငန်း၊ သောင်တူးခြင်းနှင့် ရေခေါ်တူးမြောင်း ရေလွှဲတမံ တည်ဆောက်ခြင်း လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ဒုတိယဝန်ကြီးက လုပ်ငန်းများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ကာလနှင့်အညီ ပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် လုပ်ငန်းခွင်အတွင်းနှင့် မြစ်ကြောင်းတစ်လျှောက် အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့အပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း)နှင့် အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း၊ စကြော့-နေဖြူ-ဇလွန်လမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းနှင့် တိုးတက်ပြုပြင် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ထို့နောက် ဂုဏ်ပြုခံ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအားကစားသမားများကိုယ်စား မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်း နောက်တန်းဘောလုံးသမား မောင်ဇော်ထက်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ် ဘောလုံးအသင်း ယှဉ်ပြိုင်အောင်ပွဲဝင်ခဲ့မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၀၃ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **ကိုလိုနီခေတ်မှ**

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက်—

(က) တပ်ကောင်းရန်လိုကြောင်း၊

(ခ) ရဲကောင်းရန်လိုကြောင်း၊

(ဂ) အုပ်ချုပ်ရေးအဖွဲ့များကောင်းရန်လိုအပ်ကြောင်းကို နိုင်ငံတော်အကြီးအကဲက ထောက်ပြထားကြောင်း။

တပ်ကောင်းဖို့ရန်အတွက် ယနေ့တပ်မတော်ကို နိုင်ငံတော်ကို သားစဉ်မြေးဆက်တိုင် ကမ္ဘာတည်သရွေ့ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်နေကြောင်း။

ရဲတပ်ဖွဲ့ကောင်းရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စနစ်ကျနသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော တပ်ဖွဲ့ဖြစ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားတစ်ရပ် ဖြစ်ရေးတို့အတွက် ရည်မှန်းချက်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီကို ၁၉၉၄ခုနှစ်ကပင် စတင်ဖွဲ့စည်းပြီး ဆပ်ကော်မတီ ခြောက်ရပ်နှင့်အတူ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ၌ ယခုဆိုလျှင် ကိုးနှစ်ကျော် ၁၀ နှစ်အတွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

တာဝန်လွှဲပြောင်းပေး

ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ယခင်အတွင်းရေးမှူး(၁)၊ ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဤတာဝန်ကို မိမိအား လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သဖြင့် ဆပ်ကော်မတီ ခြောက်ရပ်နှင့်အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်များနှင့်ပတ်သက်ပြီး—

(က) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

(ခ) တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏ အကာအကွယ်အောက်တွင် စိတ်အေးချမ်းမြေ့လွတ်လပ်စွာ ပရိယေသန ဝမ်းစာရှာမှီးစားသောက်နိုင်ရေး၊

(ဂ) နိုင်ငံတော်တွင် အရေးကြုံကာလရောက်ရှိပါက နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရေး

ဟူသည့် အဓိက ပင်မတာဝန်သုံးရပ် သတ်မှတ်ပေးထားခြင်းဖြစ်၍ ဤတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

၎င်းအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ဓာတ်ရှိ၍ စွမ်းရည်ပြည့်ဝသော ခေတ်မီသည့် တပ်ဖွဲ့ဖြစ်ရန်လိုအပ်ကြောင်း၊ မျိုးချစ်စိတ်ရှိရေးအတွက် ကိုလိုနီခေတ်က အတွေးအခေါ် အယူအဆများ၊ ဗျူရိုကရက်ဆန်သည့် အကျင့်ဆိုးများကို ပယ်ဖျောက်ပြီး ပြည်သူဘက်က ရပ်တည်သော၊ ပြည်သူနှင့်တစ်သားတည်းဖြစ်သော၊ ပြည်သူကို ကူညီလိုသော စိတ်ဓာတ်များ၊ မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်တတ်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များရှိအောင် တည်ဆောက်ရန်ဖြစ်ကြောင်း။

စွမ်းရည်ပြည့်ဝရေးအတွက် အမြဲမပြတ် လေ့ကျင့်နေရန်လိုကြောင်း၊ ခေတ်မီရေးအတွက် ကွန်ပျူတာနှင့် ခေတ်မီသည့် အတတ်ပညာ၊ နည်းပညာများ အမြဲဆည်းပူးလေ့လာ သင်ယူတတ်မြောက်နေရန် လိုအပ်မည်ဖြစ်ကြောင်း။

အဂတိရှောင်ရှား

မိမိတို့၏ ပင်မရဲလုပ်ငန်းတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟစသော အဂတိတရားလေးပါးကို ရှောင်ရှားပြီး တံစိုးလက်ဆောင်သုံးပါး တောင်း၍ပေးရခြင်း၊ မတောင်းသော်လည်း အခွင့်အရေးကို မျှော်ကိုး၍ပေးရခြင်း၊ မပေးပေးအောင် အကျပ်ကိုင်ခြင်းစသည့် ရှောင်ကြဉ်အပ်သော တရားများကို မိမိ၏ရာထူး၊ မိမိ၏ဂုဏ်သိက္ခာ၊ မိမိ၏ပညာဂုဏ်တို့ကို ထောက်ထားပြီး ရှောင်ကြဉ်သွားကြရန် လိုအပ်ကြောင်း။

တရားခံအစစ်အမှန်ကို ဖော်ထုတ်ရာ၌ အခင်းဖြစ်ပွားရာသို့ ကိုယ်တိုင်သွားရောက်ပြီး ပစ္စည်းသက်သေ၊ လူသက်သေများကို စုံစုံလင်လင် ရှာဖွေစစ်ဆေးကာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို သက်သေအထောက်အထားစုံလင်စွာဖြင့် တရားစွဲဆိုတင်ပြနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တရားစွဲအဖွဲ့အစည်းဝင်များ၊ မှုခင်းဆရာဝန်များ၊ ဓာတ်ခွဲခန်း ကျွမ်းကျင်သူများနှင့် နီးကပ်စွာ ပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ သို့မှသာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို ဖော်ထုတ်ပြီး ဟန့်တားလောက်သည့် ပြစ်ဒဏ်များချမှတ်ကာ တရားရေးမဏ္ဍိုင် ခိုင်ခံ့တည့်မတ်မှန်ကန်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

မှန်မှန်ကန်ကန်အရေးယူ

တချို့သော ပြစ်မှုကျူးလွန်သူများသည် လောဘ၊ ဒေါသ၊ မောဟကြောင့် ကျူးလွန်ကြတာ ရှိသကဲ့သို့ တချို့လည်း မလွဲသာမရှောင်သာ၍ ကျူးလွန်ရခြင်းမျိုး၊ တချို့မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲထားခြင်းမျိုးတွေ ရှိသည့်အတွက် တရားခံအစစ်အမှန်ကို စိတ်ရှည်လက်ရှည် စစ်ဆေးဖော်ထုတ်ပြီး မှန်မှန်ကန်ကန် အရေးယူကြရန်လိုအပ်ကြောင်း၊ ကိုလိုနီခေတ်ကကဲ့သို့ သခင့်အလိုကျ ဘိန်းပစ်ပြီး ဖမ်းသည့် အမှုအကျင့်မျိုးတွေ ပပျောက်ရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်ပြီး ယနေ့နိုင်ငံကြီးအချို့အနေဖြင့် စစ်အင်အားသာလွန်မှု၊ နည်းပညာသာလွန်မှု၊ ဓနအင်အားသာလွန်မှုများကို အခွင့်ကောင်းယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် အနိုင်အထက်ပြုကျင့်နေမှုတွေ၊ ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားအားထုတ် လုပ်ဆောင်နေမှုတွေ၊ စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နေခြင်းများကို ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များ၌ တွေ့မြင်နေကြရကြောင်း၊ အင်အားကြီးမားသည့် ရန်သူကို တွန်းလှန်ဖယ်ရှားဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိနေရန်လိုကြောင်း၊ ပြည်သူများ မျိုးချစ်စိတ်ဓာတ် မြင့်မားနေစေရန် ပြည်သူကို စည်းရုံးနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် ပြည်သူကိုဦးထိပ်ထားပြီး ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်သွားရန် လိုအပ်ကြောင်း။

အမြဲလေ့ကျင့်

ရဲတပ်ရင်းများအနေနှင့် တပ်မတော်ကဲ့သို့ အရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် တည်ဆောက်ပြီး ရဲတပ်ဖွဲ့၏ အစဉ်အလာ (၁၂)ရပ်ကို ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့၏ တာဝန်များသာမက နိုင်ငံတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ထမ်းရွက်နိုင်အောင် အမြဲတမ်းလေ့ကျင့်နေပြီး မိမိတပ်ကို အမြဲတမ်း အသင့်ဖြစ်နေစေရန် စီမံဆောင်ရွက်ထားရန်ဖြစ်ကြောင်း။

ကိုလိုနီ၏ အမွေဆိုးအဖြစ် အမြစ်တွယ်ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ချမှတ်ထားသော မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်တို့ကို လက်တွေ့ကျင့်သုံးပြီး မြန်မာ့မြေပေါ်က လုံးဝပပျောက်သွားစေရန် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည်သာမက လူညွန့်တုံးသည်အထိ အန္တရာယ် အလွန်ကြီးမားသည်ကို ပြည်သူများအကြား ပညာပေးစည်းရုံးရန်နှင့် ပန်းတိုင်သစ်စီမံချက်နှင့်အတူ ဘိန်းအစားထိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

လူမှောင်ခိုကူးမှု

ယနေ့အချိန်အခါတွင် လူမှောင်ခိုကူးမှုပြဿနာသည် ရှေ့တန်းသို့ရောက်ရှိလာနေသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ထိရောက်သော အစီအမံများ ချမှတ်ပြီး ဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံမှာလည်း လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်ပြီး ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်အလုပ်လုပ်လိုသူများအား အရေးယူဆောင်ရွက်ရေး စီမံချက်များရေးဆွဲပြီး ဗဟိုကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းကာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ပညာပေးခြင်း လုပ်ငန်းများအပြင် ဥပဒေအရ အရေးယူခြင်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အရည်အချင်းပြည့်ဝပြီး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် မိမိတို့ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်သည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း မိမိတို့၏ ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး မိမိတပ်ဖွဲ့ချစ်သည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသည့် စိတ်တို့ဖြင့် မိမိတို့၏ရည်မှန်းချက်များ အောင်မြင်အောင်၊ မိမိတို့၏တာဝန်များ ကျေပွန်အောင် မိမိတို့ကိုယ်တိုင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန်က ရဲတပ်ရင်းများ၏ ဖွဲ့စည်းပုံနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်မှုအခြေအနေများ၊ ရဲတပ်ရင်းများအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေ၊ တပ်ရင်းအလိုက် သက်သာချောင်ချိရေး ဆောင်ရွက်နိုင်မှုအခြေအနေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက ၂၀၀၃ခုနှစ် တတိယလေးလပတ် ကာလအတွင်း ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးဝင်းခိုင်က သင်တန်းကျောင်းနှင့်ပတ်သက်သည့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းဆောင်မှုဆိုင်ရာဆုများ ပေးအပ်ချီးမြှင့်ပွဲကို ကျင်းပရာ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က ရဲတပ်သားသစ်စုဆောင်းနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ပြန်းတီးအင်အား ထိန်းသိမ်းနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မှုခင်းများ ဖော်ထုတ်တရားစွဲတင်နိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မှုခင်းဖြစ်ပွားမှုလျှော့ချနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စွမ်းရည်လေးရပ်ဆုရ ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတို့ကိုလည်းကောင်း ပထမ၊ ဒုတိယနှင့် တတိယဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုးတက်နေသည့် ခေတ်အချိန်အခါနှင့်အညီ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက်စေရေးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့အကျိုးပြု လုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်ရန်နှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အလေးထား ဆောင်ရွက်သွားကြရေး၊ တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရေးနှင့် မိသားစုအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပြပွဲနှင့် စာတမ်းဖတ်ဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ ကို ယနေ့နံနက်ပိုင်းတွင် ဒုတိယနေ့အဖြစ် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရှိ ယင်းဦးစီးဌာန ရုံးချုပ်ဝင်းအတွင်း၌ ဆက်လက်ခင်းကျင်းပြသရာ စာတမ်းရှင်များက စာတမ်းများ ဆက်လက်ဖတ်ကြားဆွေးနွေးကြသည်။

ဒုတိယနေ့ စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် "မြန်မာ့လက်မှုထည်ကဏ္ဍဖွံ့ဖြိုးရေးနှင့် ဈေးကွက်တိုးချဲ့ရေး အရေးပါမှု" စာတမ်းကို ဆန်းမြန်မာ Elephant House သမဝါယမအသင်းလီမိတက်၏စက်ရုံမှူး ဦးသောင်းထွန်းက လည်းကောင်း၊ "မြန်မာနိုင်ငံကိုယ့်အားကိုယ်ကိုး ကျေးလက်လျှပ်စစ်မီးပေးခြင်း စနစ်များနှင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြုခြင်း" စာတမ်းကို စက်မှုလက်မှုသမဝါယမအသင်းစုချုပ် အလုပ်အမှုဆောင် ဦးအောင်မြင့်က လည်းကောင်း၊ "ကျေးလက်သုံး ခြေနင်းရေတင်စက်" စာတမ်းကို ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း အကြီးတန်း မန်နေဂျာ ဦးဝင်းမောင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြသည်။ (သတင်းစဉ်)

ရောဝတီတိုင်း မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ဒေသရှိ မမြရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။

မမြရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ရေလှောင်တမံတည်ဆောက်ရေးတွင် အဓိကပါဝင်သော လုပ်ငန်းများဖြစ်သည့် ပင်မတမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက မိုးမကျမီနှင့် မိုးကုန်ရာသီတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ပေးပြီး လိုအပ်ချက်များ ပံ့ပိုးကူညီသည်။ ထို့နောက် ဝန်ကြီးသည် ရေပိုလွှဲ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ကညင်ရေလှောင်တမံ

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသော ကညင်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ၊ တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်း စိုက်ပျိုးမြေဧက နှစ်သောင်းငါးထောင်ခန့်ကို ဆည်ရေပေးဝေ သီးနှံစိုက်ပျိုး၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများမှ ရေစီမံ့တားနံရံပြုလုပ်ပြီးစီးမှု ပင်မတမံပြုလုပ်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ ဆက်လက်တည်ဆောက်ရန် ရေစီမံ့တားနံရံပြုလုပ်ပြီးနေရာများ၌ ဘိလပ်မြေသရွတ်မှုတ်သွင်းမှု၊ ကုန်းကြောတမံနှင့် ပင်မတမံ ပြုလုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ၌ နန်ကသူ ရေလှောင်တမံ ဆည်ရေဖြင့် နွေစပါး ဧကငါးထောင်စိုက်ပျိုးဖြစ်ထွန်းမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆည်ရေဖြင့် တစ်နှစ်ပတ်လုံး သီးနှံပုံစံချမှတ် စိုက်ပျိုးရေး၊ နွေစပါးစိုက်ဧကတိုးချဲ့ရေး၊ နွေနှမ်းစိုက်ပျိုးရေးမှာကြားသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့နယ် မြို့ကွင်းဒေသရှိ မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ မြို့ကွင်းနှင့် တလုတ္တော်ကျေးရွာ အကြားရှိ စိုက်ပျိုးမြေဧက ကိုးထောင်ကျော် တစ်ကွင်းစပ်တည်း၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေရေး၊ သီးထပ်စိုက်ပျိုးရေးအတွက် မြစ်ရေတင်အဆင့်နှစ်ဆင့်ဖြင့် ငဝန်မြစ်မှ ရေတင်မည့်လုပ်ငန်းတို့ကို စီမံကိန်းတာဝန်ခံက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေးမှာကြားကာ အရှည်ပေ ၄၆၂၀၀ ရှိသည့် ရေတင်မြောင်းမကြီးတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရှင်းလင်းပြသသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်တုန်းမြို့နယ်ရှိ ပန်းလှိုင်ရေထိန်းတံခါး၏ ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအုပ်စု၌ နွေစပါးစိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် သဘာဝမြေဆွေးပုံများ ပြုလုပ်မှုတို့ကို ကြည့်ရှုပြီးနောက် နွေစပါးစိုက်ပျိုးကြသည့် တောင်သူများ စိုက်ပျိုးရေး နည်းပညာပေး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာ၊ ဓာတ်မြေသြဇာ အချိုးကျသုံးစွဲရေး၊ တောင်သူလယ်သမားများအား စိုက်ပျိုးရေး နည်းပညာပေးရေး၊ လိုအပ်ချက်များ ပံ့ပိုးကူညီရေး မှာကြားခဲ့သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မော်လမြိုင်၌ အမျိုးသမီးရေးရာအဖွဲ့ချုပ်လုပ်ငန်းများ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၁၈ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ မော်လမြိုင်မြို့သို့ မွန်းလွဲ ၁နာရီတွင် ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ အလုပ်အမှုဆောင်များနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒေါနဆောင်တွင်တွေ့ဆုံ၍ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ချုပ်၏တာဝန်ရှိသူများ၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် အပြန်အလှန်မိတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မွန်ပြည်နယ်သို့ ကွင်းဆင်းလာရောက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် အဖွဲ့ချုပ်၏ အတွင်းရေးမှူးများ အဖွဲ့ဝင်ဒေါ်ကြူကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပုံတို့ကို လည်းကောင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြနှင့် ဒေါ်ရင်ရင်လေးတို့က အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရှိ လုပ်ငန်းအဖွဲ့ ၁၆ရပ်အနက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီတွင် မူလဖွဲ့စည်းထားပြီးဖြစ်သည့် လုပ်ငန်းအဖွဲ့ ၁၁ရပ်တွင် မပါရှိသေးသည့် လုပ်ငန်းအဖွဲ့ ငါးရပ်တို့၏ ဖွဲ့စည်းမှု လုပ်ငန်းတာဝန်များကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်များက မရှင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များ မေးမြန်းကြသည်ကို ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာနာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၉၆၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့သို့ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမွန်ပြည်နယ် မော်လမြိုင်မြို့သို့ လာရောက်ရခြင်းမှာ မွန်ပြည်နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှာ နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသည့် ကော်မတီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၀ဒသမ၃ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည့်အလျောက် အမျိုးသမီးရေးရာကိစ္စများသည် ကြီးမားကျယ်ပြန့်လှသည့်အတွက် တစ်နိုင်ငံလုံး၏ အတိုင်းအတာဖြင့် ထိရောက်စွာလွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များ ရှိနေကြောင်း၊ သို့အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍတိုးမြှင့်ပေးရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်ပေးရန်၊ယဉ်ကျေးမှုဓလေ့ထုံးစံများ ချစ်မြတ်နိုး၍ တန်ဖိုးထားသည့် စိတ်ဓာတ် မြှင့်တင်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ပေးရန်နှင့် ပြန်လည်ထူထောင်ပေးရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်စေရန်၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်ခုနစ်ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးထုများအား အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် ပါဝင်လာစေရေးအတွက် မိမိတို့၏ ဆန္ဒသဘောထား အရသာ လျှောက်ထားကြရန်ဖြစ်ပြီး မဝင်မနေရ တိုက်တွန်းခြင်းမပြုလုပ်မိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်များကို သိရှိနားလည်ပြီး စိတ်ပါဝင်စားစွာဖြင့် အားကြိုးမာန်တက်၊ ဇာတိမာန်ထက်သန်သည့် ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးသည့် အမျိုးသမီးများဖြစ်လာစေရန် အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ ဆောင်ပုဒ်ဖြစ်သော "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"နှင့်အညီ အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါ်ကြူကြူက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ တိုင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာ အဆင့်ဆင့်တို့၏ဖွဲ့စည်းပုံနှင့်အမျိုးသမီးရေးအရာအဖွဲ့ဝင်အဖြစ် လျှောက်ထားကြရာတွင် သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကို လည်းကောင်း၊ ပြန်ကြား ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပညာရေး၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီး ငယ်ရွယ်လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ရင်ရင်လေးက စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလျောက် ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၄၅သိန်းတို့ကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်တို့သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တရင်းတနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အမျိုးသမီးစာရေးဆရာ ဒေါ်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်းတစ်ရာပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံတွင် အမျိုးသမီးများထဲမှ ပထမဦးဆုံး ကာလပေါ်ဝတ္ထုများ စတင်ရေးသားခဲ့ပြီး ဗမာ့ခေတ်သတင်းစာတိုက်နှင့် ယုဝတီဂျာနယ်တို့ကို ဦးစီးတည်ထောင်ခဲ့သူ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးအတွက် နှစ်ပေါင်း

စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်းတစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေအသိုင်းအဝိုင်းမှ စာပေပညာရှင်များ၊ စာနယ်ဇင်းများမှပုဂ္ဂိုလ်များ၊ ယုဝတီမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ကအမှာစကားပြောကြားပြီး စာရေးဆရာမကြီး ဒေါ်စောမုံညင်း ရေးသားသော ရတုကဗျာကို အဆိုတော် ဒေါ်ရီရီသန့်က ဂုဏ်ပြုသီဆိုသည်။ ဆက်လက်၍ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏တူမ ဒေါ်တင်တင်မ၊ ဓာတ်မင်းသားကြီး ဦးရဲစိန်၊ ယုဝတီကလောင်ရှင်များကိုယ်စား ယုဝတီရွှေဝါစိန်တို့က အသီးသီးဂုဏ်ပြုဟောပြောကြပြီး အခမ်းအနားမှူး ဦးဝင်းငြိမ်းက ရုပ်ဝေးမှပေးပို့လာသော သဝဏ်လွှာများကို ဖတ်ကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)က ဒေါ်ဒဂုန်ခင်ခင်လေး၏ဘဝကို ခြုံငုံသုံးသပ်ဂုဏ်ပြုပြောကြားသည်။

ယင်းနောက် ယုဝတီသက်ကြီးစာပေပညာရှင်ကြီးများအား ယုဝတီမိသားစုက ကန်တော့ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၄ ရက် က ကျင်း ပ သည့် အမက (၁၆) သုဝဏ္ဏ မိဘ ဆရာ အသင်း နှစ် ပတ် လည် အစည်း အဝေး နှင့် ပညာရည် ချွန်ဆုပေးပွဲတွင် ပထမတန်း မှ ပထမဆု ရရှိ သည့်မောင်ဟန် ထွန်းဇော် အား ကျောင်း အုပ် ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

မြို့ပြအင်္ဂါရပ်များနှင့်ညီညွတ်စေရန် အားထုတ်ကြိုးပမ်းဆောင်ရွက် ရန်ကုန်တိုင်းစည်ပင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းမှူးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိများအနေဖြင့် မိမိတို့တာဝန်ကျရာ မြို့နယ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ မြို့နယ် အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနှင့် မြို့ပြ ကွာဟမှု နည်းနိုင်သမျှ နည်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအတွင်း မြို့တော်စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိ မြို့နယ် ၁၂ မြို့နယ်သည် မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်နှင့် ဆက်စပ်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှု နည်းနိုင်သမျှနည်းအောင် မိမိတို့တာဝန်ကျရာမြို့ မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ပြင်ပ မြို့နယ်များကိုလည်း လိုက်လျောညီထွေရှိအောင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးကို ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်က ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေး လုပ်ငန်းများဖြစ်သည့် မြို့ပြလမ်းများ၊ တံတားများနှင့် ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးလက်လမ်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ကျောက်တန်း၊ တွံတေး၊ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်နှင့် ကိုကိုးကျွန်း မြို့နယ်များမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိများက သက်ဆိုင်ရာမြို့နယ်များအတွင်းစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြို့များ မြို့ပြအင်္ဂါရပ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ တံတားများနှင့် သန့်ရှင်းသပ်ရပ်သည့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်မြို့နယ် စည်ပင်သာယာအမှုဆောင် အရာရှိများ အနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြို့နယ်များရှိ ကျေးရွာများ၊ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး အတွက် ကွင်းဆင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေး ဦးစီးကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံမြို့တွင်တည်ရှိသော ရေးဟောင်း ဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ ညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဟောင်း ဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဦးစီးကော်မတီဝင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ဦးစီး ကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ဦးစီးကော်မတီဝင် များဖြစ်ကြသည့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက် ကြသည်။

- ရှေးမူလက်ရာမပျက် -

ရှေးဦးစွာ ရှေးဟောင်းဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အမှာစကား ပြောကြားရာတွင် ဘက်စုံပြုပြင်တည်ဆောက် ရေးလုပ်ငန်းများကို ယခုနှစ် ဇွန်လ အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်၊ ရှေးမူလက်ရာမပျက် ထိန်းသိမ်းတည်ဆောက်သွားရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ် စိုးဝင်းမောင်က ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင်များက ရှေးဟောင်းဆဒ္ဒန်ဂူ ဘက်စုံ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြ ကြသည်။ယင်းနောက်သဘာပတိရှေးဟောင်းဆဒ္ဒန်ဂူဘက်စုံပြုပြင်တည်ဆောက်ရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(အောက်ပုံ) (သတင်းစဉ်)

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက်က မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ တညောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ ရောဝတီမြစ်မှ ရေတင်စခန်း၊ ရေတင်စက်ရုံ နှင့် ရေသွယ်လမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ခံများအား နွေစပါးနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး၊ မြစ်ရေတင်လုပ်ငန်းဖြင့် စိုက်ပျိုးရေပေးရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်း၏ အထက်ဘက် ၁၃ မိုင်ခန့် အကွာ၌ရှိသော ဘူးရွာအနီး တည်ဆောက်မည့် ဘူးရွာ ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၈)ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလှောင်တမံ တည်ဆောက်ရေးဆိုင်ရာ စူးစမ်းလေ့လာတွေ့ရှိချက်များ၊ ရေလှောင်တမံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မှု၊ မုန်းချောင်း၏ ရေစီးရေလာကို ပြန်လည်အသုံးချ၍ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ပင်မတမံ တည်ဆောက်မည့် နေရာ၊ အောက်ခြေမြေသား ရှင်းလင်းပြီးစီးမှုတို့ကို တင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ရေစီးဆင်းမှု အားကောင်းသော မုန်းချောင်းပေါ်၌ ရှိသော မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း အထက်ပိုင်း၌ ဘူးရွာ ရေလှောင်တမံစီမံကိန်း၊ အောက်ပိုင်း၌ ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်း နေရာများကို မြေပုံတွင် ကြည့်ရှုစစ်ဆေး ပြီး အင်ဂျင်နီယာများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘူးရွာ ရေလှောင်တမံတည်ဆောက်ရန် စူးစမ်းလေ့လာထားသော တမံထိပ်နှစ်ဖက် နေရာ၊ တမံအူကြောင်းနေရာနှင့် ပင်မတမံ အောက်ခြေအား စက်ယန္တရားများဖြင့် ရှင်းလင်းမှု၊ မုန်းချောင်းနှင့် ပိုက်ချောင်းတို့အနေအထား၊ ရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဘူးရွာ ရေလှောင်တမံ စီမံကိန်းမှ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း ရေဝပ်ဧရိယာသို့ ရောက်ရှိပြီး စက်လှေဖြင့် ရေဝပ်ဧရိယာရေဝင်မှု၊ ရေသိုလှောင်မှု တို့ကို စစ်ဆေးကာ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံနှင့် ဆည်မြောင်းအဆောက် အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ မုန်းချောင်းရေလှောင် တမံ၏ ပင်မတမံကို အပြီးသတ်ပိတ်နိုင် ပြီဖြစ်၍ ရေဝပ်ဧရိယာ၌ ရေများ စတင်သိုလှောင်လျက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီး ဌာန တည်ဆောက်ရေး(၈) ညွှန်ကြား ရေးမှူး ဦးမြင့်သန်းက ပင်မတမံ လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်၊ ရေတံခါး အဆောက်အအုံလုပ်ငန်း၊ ရေအား လျှပ်စစ်ဥမင်လိုဏ် တည်ဆောက်နေ သည့်လုပ်ငန်း၊ ဖိအားလျော့ ရေလှုံ ထိန်းစည် တည်ဆောက်မှုလုပ်ငန်း တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စီမံကိန်း လုပ်ငန်းများကို ၂၀၀၄ခုနှစ် ဇွန်လ ကုန် အပြီးသတ် ဆောင်ရွက်ရန်နှင့် စီမံချက်အတိုင်း သတ်မှတ်ချိန်ပြီးစီးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တည် ဆောက်ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စီးပွား/ ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ထိုင်းကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ထိုင်းနိုင်ငံ ပါလီမန်အမတ်နှင့် The Standing Committee On Commerce, The House Of Representatives မှ ဥက္ကဋ္ဌဖြစ်သူ Mr. Rewat Sirinukul ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Suphot Dhirakaosal လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက်မွန်းလွဲ ၁ နာရီတွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံရာသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၁၁၈/ဗီ)နေ
ဦးဝင်းသိန်း-ဒေါ်ညွန့်ညွန့်ချို (Director, Cho Cho Industry Ltd.)
တို့၏ တစ်ဦးတည်းသောသား

မောင်ဝေဖြိုး

(Bachelor of Science in Business Administration),USA
Managing Director (Cho Cho Co., Ltd., Yathar Cho Co., Ltd.,
Yathar Cho Industry Ltd., Cho Cho Industry Ltd.) နှင့်
၇/ခ ဦးကျော်လှလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ
Dr. ရိုင်မြင့် (Raymond) Assistant Audiologist, South Auckland
Health Care (Manukau Super Clinic)-ဒေါ်ခင်မြတ်နိုင် (Dolly)
တို့၏ သမီးဦး

မယုယွန်း

B.Tech (Biomedical Science)
1st Class Honours Ph. D (Molecular Medicine and Pathology) Thesis
Auckland University, New zealand

တို့သည် ၂၁-၂-၂၀၀၄ရက်တွင် Traders Hotel Myanmar Ballroom ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝေဖြိုး-မယုယွန်း



ကျိုက်ကေလာသဆံတော်ရှင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကျိုက်ကေလာသ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေစိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၃ရက်မှ ၅ရက်အထိ (တပေါင်းလဆန်း ၁၃ရက်မှ တပေါင်းလပြည့်နေ့အထိ) သုံးရက်တိုင်တိုင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ပြည်သူများ ဘုရားဖူး လာရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

(က-ပ)

သာမညတောင်ဆရာတော်
ဘဒ္ဒန္တဝိနယ မဟာထေရ်မြတ်ကြီး ၏
အန္တိမဗျာပနသာဓုကီဠနပူဇာ

သာမညတောင်ဆရာတော် ဘဒ္ဒန္တဝိနယ မဟာထေရ်မြတ်ကြီး ၏ စေတီတော်နှင့် ဂူဗိမာန်ဖြစ်မြောက်ရေး ရံပုံငွေအတွက် တပည့် အရှင် ဝိသုဇ္ဈိတာရ မှ မှတ်တမ်းတင် ထုတ်ဝေပါသည်။

22-2-04 တွင် ထွက်ပါပြီ။

အတွဲ (၈) အမှတ် (၈)

ရှာနယ်

- ...
- ...
- ...
- ...

PH: 534457

တိုက်ခန်းငှားမည်

အနော်ရထာလမ်းနှင့် ၅၆(လမ်းထိပ်)ထောင့် (ပထမထပ်) 18′ × 60′

PH ; 296911, 293294

Ph 296911

Ph 293294

၅၆(လမ်းထိပ်)နှင့် အနော်ရထာလမ်းထောင့်

တောင်ငူအသင်း(ရန်ကုန်) အစည်းအဝေးနှင့် ဂုဏာပူဇာသဘင် ဆင်ယင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

တောင်ငူအသင်း (ထန်းတပင်၊ အုတ်တွင်းအပါအဝင်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဘဒ္ဒန္တဇဝန (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အောင်မြင်ဇေယျ စာသင်တိုက်၊ ဘဒ္ဒန္တပါရဂူပဏ္ဍိတ (မဟာဂန္ထဝါစကပဏ္ဍိတ) သီတာရုံစာသင်တိုက်၊ ဘဒ္ဒန္တအာသဖ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာစည်သာသနာ့ရိပ်သာ၊ ကေတုမတီမြို့သစ်)၊ ဘဒ္ဒန္တသုဒဿန (မဟာကမ္မဋ္ဌာနာစရိယ) ကျောက်ဝိုင်း ကျောင်းတိုက် ထန်းတပင်မြို့နယ်၊ ဒေါ်သုစန္ဒာ (ဂန္ထဝါစကပဏ္ဍိတ) ဓမ္မာရုံသီလရှင်စာသင်တိုက်တို့အား ဂုဏ်ပြုပူဇော်ပွဲ ဂုဏာပူဇာသဘင်ကို မတ် ၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား(အရှေ့မုခ်) ကြားတောရလမ်း ဇေယျာအောင်မြေ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးထွန်းထွန်း(ဘုရင့်နောင်သက်နှင်းတိုက်) ဖုန်း-၅၄၃၉၅၈နှင့် ၀၉-၅၀၀၁၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အရမ်းပျော်စရာ ကောင်းမယ့် AMIGO တို့ရဲ့
ချောင်းသာ ထခြိန်ခရီးစဉ်
အကျေနပ်ဆုံးနစ်ရက်ရှင်းတစ်ရက်ခြင်း

TRAVEL SERVICE

AMIGO တို့ သောကြာ၊ စနေ၊တနင်္ဂနွေ (၃) ရက်စခရီးထွက်ပြီး
အကောင်းဆုံး HOTEL တွေမှာတည်းကြမယ်
(၁) မုဝံ၊ မုဒွါး (THIRIPYITSAYA SKURA LOGE)
(၂) ချောင်းသာ (HOTEL MAX)

ကြိုတင်စာရင်းပေးလျှင် Discount များရယူနိုင်ပါသည်၊ (တစ်ပတ်ကြို ၂%) (၂လကြိုတင် ၁၆%)

အမှတ်(၅)၊ ကန်တော်ကြီးမြင်လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်း။
ဖုန်း- ၆၅၀၆၈၇၊ ၀၉၅၀ ၁၂၃၂၂
e-mail: amigo@mail2spain.com

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ ယဉ်ကျေးမှု တက္ကသိုလ်များအတွက် အထူးရည်ညွှန်းသော စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အနုပညာဘာသာရပ်နယ် ရသစာပေများနှင့် ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ စာတမ်းများအား ဖတ်ကြားမည့် ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်နှင့် ၂၈ရက်တို့တွင် နေ့စဉ် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီတွင်လည်းကောင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များအဖြစ် ပါရဂူ၊ နန္ဒာသိန်းဇံ၊ ချစ်ဦးညို၊ ချစ်စံဝင်း၊ မောင်အံ့ (မဟာဝိဇ္ဇာ ဘုံဘော)၊ ဦးမင်းနိုင်၊ ဂီတလုလင် ဦးကိုကိုနှင့် ဦးမြင့်စံ(ပါမောက္ခ၊ပန်းပု) တို့က ဖတ်ကြားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ရန်)
အသစ်ဖွင့်လှစ်မည့် Star စားသောက်ဆိုင်တွင်
အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	ခန်းစောင့်	(ကျား/မ)	(၁) ဦး
၂။	ထမင်းဟင်းချက်	(ကျား/မ)	(၂) ဦး
၃။	စားပွဲထိုး	(ကျား/မ)	(၅) ဦး
၄။	Waiter		(၂၈) ဦး
၅။	[illegible]		(၁၈) ဦး
၆။	[illegible]		(၁၈) ဦး
၇။	Cashier		(၂) ဦး
၈။	[illegible]		(၂) ဦး
၉။	KTV Operator		(၃) ဦး
၁၀။	[illegible]		(၃) ဦး

စိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန်တိုင်း အထက(၁) သဃ်န်းကျွန်းတွင် နိုင်ငံသား အရည်အချင်း ပြည့်မီသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကံညွန့်က ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။(၅၀၆)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၁ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၈)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ်က ပထမတန်း သချာ်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆင့်ရ မမွန်မြတ်ကုသိုလ်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပဲကြီးဖြတ်ဖွင့်လှစ်

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆတ်ရိုးကျကျေးရွာ ကျေးလက် သောက်သုံးရေကန်ကို ဖေဖော်ဝါရီ ၇ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အုပ်ချုပ်ရေးမှူး ဦးသာနုနှင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရွာသာကြီး–ဝက်လက်မြေသားလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်လမ်းခင်း

ဝက်လက် ဖေဖော်ဝါရီ ၁၆

ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာအုပ်စု ရွာသာကြီး–ဝက်လက် မြေသားလမ်းကို အမာခံကျောက်လမ်းအဖြစ် ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်နှင့်အဖွဲ့ဦးဆောင်သော ကျောက်လှည်းအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဝင်းမြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကျောက်လှည်းအဖွဲ့၊ ရွာမိရွာဖ ဦးညိမ်းအောင်နှင့် ဦးကျောက်တို့ ဦးဆောင်သော ကျောက်လှည်းအဖွဲ့ စုစုပေါင်းလှည်းစီးရေ ၃၀၀ ကျော်ဖြင့် လှည်းတပ်ချီ၍ ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး အမာခံကျောက်လမ်းခင်းရာသို့ မြို့နယ်ယာယီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး ရဲမြင့်၊ အတွင်းရေးမှူးဦးသန်းဇော်နှင့်အဖွဲ့တို့က ရွာသာကြီး–ဝက်လက်လမ်းတစ်လျှောက် လိုက်လံအားပေးကြည့်ရှုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်းသိရသည်။ (၂၂၉)

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော နေပြည်တော်မြို့ (၉)ရပ်ကွက်ရှိ ရတနာ့စမ်းချောင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၆၄)

ဆမ့်ဆိုင်–ဆိုင်လဲ ကျေးလက်ကျောက်ချောလမ်းဖွင့်

ဆီဆိုင် ဖေဖော်ဝါရီ ၁၅

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် စီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက် ဖောက်လုပ်ထားသော ဆီဆိုင်မြို့နယ် ပုံအင်းကျေးရွာအုပ်စု ဆမ့်ဆိုင်–ဆိုင်လဲ ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောဦးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျေးလက်ကျောက်ချောလမ်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆိုင်လဲကျေးရွာမှ ဒေါ်နန်းလောင်ပိန်းက ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဆီဆိုင်မြို့နယ် ပုံအင်းကျေးရွာအုပ်စု ဆမ့်ဆိုင်–ဆိုင်လဲ ကျေးရွာ ကျောက်ချောလမ်းကို ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောဦးနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

မော်လိုက် ဖေဖော်ဝါရီ ၁၅

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂ရက်က မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဆေးခန်း၌ ဆေးကုသပေးရာ မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံ ခေတ္တခရိုင်ကျန်းမာရေးဦးစီးမှူး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိန်စိုးဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာသန့်ဇင်နှင့် အဖွဲ့တို့သည် လူနာ ၁၀၅ ဦးကို ဆေးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

သုံးခွမြို့နယ် အမက(၁၁) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြရွှေက ဒုတိယတန်းမှ စတုတ္ထတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မစိုးမွန်လင်းဆွေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ခေါဇာ–ကျောက်အိုင် ကားလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရေး ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာကျေးရွာအုပ်စု ခေါဇာ–ကျောက်အိုင် ကားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဝင်း၊ ခေါဇာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငယ်နှင့် ကျောက်အိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတောတို့က အမှာစကားပြောကြားကြပြီး ရပ်မိရပ်ဖများဖြစ်ကြသော ခေါဇာကျေးရွာမှ အငြိမ်းစား ကျောင်းဆရာ ဦးစိုးမြင့်နှင့် ကျောက်အိုင်ကျေးရွာမှ ဦးတင်ထွန်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် မြို့နယ်နှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ကားလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကားလမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၀ ပေရှိ မြေသားကားလမ်းဖြစ်သည်။ (သတင်းစဉ်)

သက်ဆိုင်သူများကနေ့ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ – အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် – မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ – အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် – မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အမည်ပြောင်းခြင်း

အဘ ဦးသောင်းရွှေ၏သမီး အနောက်ပိုင်းတက္ကသိုလ် ရုက္ခဗေဒ အထူးပြုပထမနှစ်မှ မထက်ထက်စိုးအား မထက်စန္ဒာဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မထက်စန္ဒာ။**

နားဖောက်၊ နားပိတ်၊ နားသီးနှင့် နားသမဂ်လာပွဲ အထူးသီးသန့်ဆေးခန်း

၂၊ စိမ့်ဝါလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာဆေးခန်း။ ဖုန်း–၂၉၉၇၃၉၊ ၀၉ ၈၀ ၂၀၄၂၀။

MYANMAR RYOKO

အမွေပြတ်ကြေညာခြင်း

ဦးမြခင်–ဒေါ်လှလှတို့၏သားကြီး၊ မောင်အောင်ကျော်ဦး မှတ်ပုံတင် အမှတ် [၁၂/သဃက(နိုင်)၀၇၀၁၂၄] သည် မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် အမွေစား/ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် တွင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်မယူပါ။

ဦးမြခင်–ဒေါ်လှလှ။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်–ကျွန်မတို့၏သမီး မသန်းသန်းဆင့် [၁၂/ဗဟန(နိုင်) ၀၃၃၃၄၃]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းကိစ္စမှန်သမျှ လုံးဝ(လုံးဝ) တာဝန်မယူပါ။ **ဦးသင်းမောင်–ဒေါ်ကြင်မြိုင် အမှတ်–၅၆ စ၊ (၉)ရပ်ကွက်၊ မြေတိုင်း(၃)၊ နန်းသီတာပန်းခြံ၊ ရွှေပြည်သာမြို့။**

မွေးနေ့ဆုတောင်း

ဗိုလ်လောင်းတေဇလွင်

(စစ်တက္ကသိုလ်-ပထမနှစ်)

သားငယ်လေးရဲ့ ၂၂-၂-၂၀၀၄မှာ ကျရောက်တဲ့ (၁၇)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်စေရန် ဆုမွန်ကောင်းတောင်းလျက်- - -။

ဖေဖေ - ဒုတိယဗိုလ်မှူးကြီးသန်းလွင်
မေမေ - ဒေါ်ခင်မိမိနိုင်
ကိုကြီး = ကိုဇာနည်လွင် E.G.T.I, Final Bot (Z လွင်)
ကိုလတ် - ကိုသီဟလွင် 2nd Year (Zoology)

ပတ်လည်ပွင့်သဇင်ပန်း

ပွင့်တံရှည်၊ ပွင့်နုန်းကောင်း သဇင်ပန်းဥ၊ သဇင်တိုင်၊ အသင့်စိုက်ပြီး သဇင်တိုင်များ ရနိုင်ပါသည်။

၅၃၅၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဖုန်း-၅၇၂၄၉၇။

အိမ်စီးကားသန့်သန့်ရောင်းမည်

Honda Prelude 84 မော်ဒယ် 2-Door Saloon လိုင်စင်ဝင်ပြီး၊ Power Sunroof All Power။

ဖုန်း-၂၅၃၄၄၅။



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၁၅၀/ခ)၊ အခန်း(၃)နေ
ဦးသိန်းထွန်း (Electrical Engineer, Ocean Tanker Pte., Ltd) - ဒေါ်ဝင်းဝင်းမေတို့၏ တစ်ဦးတည်းသောသား

မောင်ကျော်နန္ဒထွန်း B.Sc(Zoology), Diploma in Chemical(Y.T.U)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၁၅၀/ခ)၊ အခန်း(၄)နေ
ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)၊ အထွေထွေမန်နေဂျာ(M.I.T.S) - ဒေါ်သန်းသန်းရီတို့၏သမီးငယ်

မကေသွယ်မြင့် B.Sc(Chemistry), Diploma in Chemical(Y.T.U)

တို့၏ ၂၇-၁-၂၀၀၄ရက်နေ့တွင် ဓမ္မစပ်ကြောင်းလမ်းပွဲသို့ တက်ရောက်ခဲ့ကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သဂ်ဟများအားလည်းကောင်း၊ ၆-၂-၂၀၀၄ ရက်နေ့တွင် နေအိမ်၌ လက်မှတ်ရေးထိုးပေးသော မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဝင်း (အလုံမြို့နယ်)အားလည်းကောင်း၊ ၈-၂-၂၀၀၄ရက်တွင် Yazana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သဂ်ဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်နန္ဒထွန်း-မကေသွယ်မြင့်။

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

၂၁-၂-၂၀၀၄(စနေနေ့) I.B.C တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိတ်ဆွေများနှင့် သူငယ်ချင်းများအားလုံးနှင့် ဆွေမျိုးမိတ်သဂ်ဟများအား ကျေးဇူးတင်ရှိပါကြောင်း။

ကိုမြတ်မျိုးဝင်း(ချစ်ပိုင်း)=မခိုင်မာလာဆွေ။

— — — —

မင်္ဂလာဆုတောင်း

သူငယ်ချင်း **ကိုမြတ်မျိုးဝင်း(ချစ်ပိုင်း)** နှင့် **မခိုင်မာလာဆွေ**တို့၏ ၂၁-၂-၂၀၀၄(စနေနေ့)ရက်မြတ်မင်္ဂလာမှသည် ရာသက်ပန်ရိုးမြေကျ လက်တွဲ ပေါင်းဖော်နိုင်ပါစေ---။

သက်စု၊ ဇင်သူ။

သားလေး "ထက်နိုင်ကျော်" (MMU, 2nd Year)

(၂၂-၂-၂၀၀၄) (၁၈)နှစ်ပြည့်မွေးနေ့

၂၂-၂-၂၀၀၄ရက် (၁၈)နှစ်ပြည့်မွေးနေ့မှစ၍ အရာရာကောင်းကျိုးဆောင်ရွက်နိုင်ပြီး လိုလားတောင့်တသော အောင်မြင်မှု ပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေ- - -။

ချစ်ဖေဖေ = ချစ်မေမေ ဦးခင်မောင်ဝင်း=ဒေါ်သန်းသန်းအေး
ချစ်ညီမလေး - ယဉ်သူဇာ (1st Year, Zoo)
ချစ်ညီလေး - သန်းတိုးအောင် (7th Standard)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

(ဒဂုံတက္ကသိုလ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ဒဂုံတက္ကသိုလ်)အစီအစဉ်ဖြင့် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်** - (၁)အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း
(General Proficiency Engy)
(၂)Basic Computer Training
(၃)Advanced Computer Training
(Level I) & (Level II)
(၄)Business Law

၂။ **သင်တန်းဝင်ခွင့်အရည်အချင်း** - သင်တန်းများအတွက် အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။

၃။ **သင်တန်းကာလ/အချိန်** - (၁)သင်တန်းများမှာ (၃)လသင်တန်းများဖြစ်ပါသည်။
(၂)သင်ကြားမည့်အချိန်မှာ ညနေ (၃:၀၀)နာရီမှ ညနေ (၅:၀၀)နာရီအထိ ဖြစ်ပါသည်။

၄။ **သင်တန်းဖွင့်မည့်ရက်** - သင်တန်းအားလုံးကို ၈-၃-၂၀၀၄ ရက်နေ့မှစ၍ ဖွင့်လှစ်ပါမည်။

၅။ **စတင်လက်ခံမည့်ရက်** - ၂၃-၂-၂၀၀၄ရက်မှစ၍ လက်ခံပါမည်။

၆။ **ဆက်သွယ်ရန်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ဒဂုံတက္ကသိုလ်) အဆောင်(၃၂)၊ အခန်း(၀၁)။

၇။ **စုံစမ်းရန်** - အသေးစိတ် အချက်အလက်များကိုသိလိုပါက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနရုံးခန်း၊ တယ်လီဖုန်းအမှတ်-၅၈၄၅၅၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြေကွက်ရောင်းမည်

အင်းယားတံတားဖြူအနီး၊ ကန်လမ်းသွယ် 60'x70'၊ နှစ်(၆၀)ဂရန်မြေကွက်။

ဆက်သွယ်ရန်-၆၆၁၀၄၇။





ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
တတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၂-၂၀၀၃ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော လားရှိုးဒီဂရီကောလိပ်မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၁ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု၊ခုံအမှတ်(၃ပ-၁)မှ (၃ပ-၆၅)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု၊ခုံအမှတ်(၃ရပ-၁)မှ (၃ရပ-၁၃၇)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၂ နေ့လယ်ပိုင်း (၁၂း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု၊ ခုံအမှတ်(၃ပ-၆၆)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု၊ ခုံအမှတ်(၃ဓ-၁)မှ (၃ဓ-၁၁၉)	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု၊ခုံအမှတ်(၃ရပ-၁၃၈)နှင့်အထက်	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၃ မွန်းလွဲပိုင်း (၃း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	E.O.P	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု၊ခုံအမှတ်(၃ဓ-၁၂၀)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြု၊ ခုံအမှတ်(၃သခ-၁)မှ (၃သခ-၁၃၄)	ရတနာပုံတက္ကသိုလ်

ပထမနေ့ (နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ မွန်းလွဲပိုင်း)
အစမ်းလေ့ကျင့်ရက်(၂၇-၂-၂၀၀၄) နံနက်(၉း၀၀)နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၄ နံနက်ပိုင်း၊ နံနက် (၉း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	မနုဿဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြု၊ခုံအမှတ်(၃သခ-၁၃၅)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု၊ ခုံအမှတ်(၃သတ-၁)မှ(၃သတ-၉၇)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၅ နေ့လယ်ပိုင်း (၁၂း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	အရှေ့တိုင်းပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့	နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု၊ ခုံအမှတ်(၃သတ-၉၈)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု၊ခုံအမှတ်(၃ရခ-၁)မှ(၃ရခ-၉၀)	ရတနာပုံတက္ကသိုလ်

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉-၂-၂၀၀၄) အစီအစဉ်
အပိုင်း-၆ မွန်းလွဲပိုင်း (၃း၀၀) နာရီ

ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရူပဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သင်္ချာအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြုအားလုံး	လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု၊ ခုံအမှတ်(၃ရခ-၉၁)နှင့်အထက်	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ဘူမိဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့	ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး	ရတနာပုံတက္ကသိုလ်

ဒုတိယနေ့ (နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ မွန်းလွဲပိုင်း)
အစမ်းလေ့ကျင့်ရက်(၂၇-၂-၂၀၀၄) မွန်းလွဲပိုင်း (၂း၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက်	တက်ရောက်ခွင့်ပြုလက်မှတ်/ ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၂၈-၂-၂၀၀၄	၂၅-၂-၂၀၀၄	၂၅-၂-၂၀၀၄
၂၉-၂-၂၀၀၄	၂၆-၂-၂၀၀၄	၂၆-၂-၂၀၀၄

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဝင်းမောင်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်။

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်။

"ရန်ကုန်" အိမ်အရောက်ထမင်းချိုင့်ပို့ဆောင်ရေး

တစ်လလျှင် ကျပ် ၃၀၀၀၀ိ/-ဖြင့် အရသာပြည့်ဝသော ဟင်းလျာများကို နေ့၊ ည တစ်ယောက်စာ ထမင်းချိုင့် ပို့ဆောင်ပါမည်။ မတ်လ(၁)ရက်နေ့ စတင်ပို့မည်။ ထမင်းဖိုး (၁)လစာ စတင်လက်ခံပြီ။

ဆက်သွယ်ရန်-
ခြံအမှတ်(၈/၃)၊ သုခလမ်း၊ မရမ်းကုန်း။ ဖုန်း-၆၆၄၅၁၇။



စရသင်း(၆)မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်(၇)မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှနန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမန္တယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
သမားတော်ကြီး ဦးကျော်ဟိုး
အမှတ်(၃၇/၂)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊
မြင်သာအိမ်ရာ-၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

သင် ရွှေဆိုင်ဖွင့်လိုပါသလား?
သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁)ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂)ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃)ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄)ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅)ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆)ရွှေအတု၊ အစစ်ခွဲနည်း
(၇)ရွှေချွတ်နည်း(သို့)ရွှေအခေါက်အဖြစ် သန့်စင်နည်းစသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦး အနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ (၁)လနှင့်အပြတ် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ၊ သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၁-၃-၂၀၀၄

သင်တန်းချိန် -နံနက် ၁၀း၀၀နာရီမှ ၁၁း၃၀နာရီထိ (သို့)
-ညနေ ၄း၀၀ မှ ၅း၃၀ထိ
သင်ကြားမည့်ရက် -တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ-သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး
အမှတ်-၂၆၅၊ ပြည်လမ်းနှင့်ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး၊ ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆။

ချောင်းသာသီးသန့်

(၂၇-၂-၂၀၀၄) (၃)ရက်ခရီး
(၂၇-၂-၂၀၀၄)ထွက်မည်
မြဝတီ၊ မဲဆောက်သီးသန့်
(၃)ညအိပ်၊ (၄)ရက်ခရီး
(၄-၃-၂၀၀၄)ထွက်မည်
Golden Hope Int' Ltd.
Ph: 202377, 703220

ကားလချုပ်ငှားမည်

With/ Without (Driver)
ကားမျိုးစုံအဆင်သင့်ရှိသည်။
Golden Hope Int' Ltd.
Ph: 202377, 703220

အိမ်ခြံရောင်းမည်

ပေ ၄၀' x ၆၀' တိုက်ခံအိမ် ထောင့်ကွက် ရေ၊ မီးစုံ ဘိုးဘွားပိုင်မြေ၊ ထီးမူးလမ်း၊ တောင်သူကုန်း၊ အင်းစိန်။

ဖုန်း-၆၄၁၈၇၇။

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ တိုက်ခန်းစာချုပ်ပျောက်ဆုံး၍ မူရင်းပြန်ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ တိုက်ခန်းစာချုပ်မူရင်းအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက (၁)လအတွင်း ကုမ္ပဏီသို့လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
၁။	တိုက်(၁၅)၊ A-3၊ မဟာမြိုင်အိမ်ရာ	ဦးကျော်စွာမိုး	[၁၁/သတန(နိုင်)၀၄၄၇၉၉]

တော်ဝင်မိသားစုကုမ္ပဏီ၊ အမှတ်(၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။





အိမ်ရောင်းမည်

သိမ်ကြီးဈေး(A)ရုံအနီး၊ ရဲစခန်းဘေး၊ ကုန်ဈေးတန်း(လမ်းကျယ်)၊ မြေညီထပ်၊ (၁၂နှံ X ၆၀')၊ ရေ၊ မီးစုံ၊ ဖုန်းပါ၊ ထပ်ခိုးပါ။

ဆက်သွယ်ရန်ဖုန်း-၂၅၁၈၁၅။

NPE NPE

(၂၀၂) ... ရန်ကုန်မြို့

နွေပန်းချီ

Sunflower Gallery မှ စီစဉ်သော
ဦးမောင်မောင်သိမ်း၊ ဆရာမချောအိသိမ်း

နွေရာသီ (၃)လ ပန်းချီသင်တန်း

သင်တန်းတည်ရာ- Sunflower Gallery
အမှတ်(၇၂)၊ အောင်မင်းခေါင်(၁)လမ်း၊ သံလွင်လမ်း၊
ဖုန်း-၅၃၄၂၇၁၊ Res:၆၆၀၃၇၅ Y.M.C.A၊သိမ်ဖြူလမ်း။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကောင်အချွန်(ခ)ဒေါ်ချို
အသက်(၈၅)နှစ်
(ဝါးခယ်မ)

ဦးမျိုးဝင်း(ခ)ဦးမျိုးထွန်း (ဒါရိုက်တာ K.M.T Group Ltd.)၏ မိခင် ဒေါ်ကောင်အချွန်(ခ)ဒေါ်ချိုသည် ၁၇-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်အေးမိနှင့်ဝန်ထမ်းများ
မန္တလေး။

ဝမ်းနည်းကြေကွဲခြင်း

ဦးအေး(၇၂)နှစ်

Sea Lion Electronics

မန္တလေးမြို့နေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ မစန်းစန်းဝေ၊ မောင်ကျော်နိုင်ဦး၊ မောင်ကျော်နိုင်အောင်၊ မောင်မိုးကျော်သူတို့၏ဖခင် ဦးအေးသည် ၁၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝင်းအီလက်ထရောနစ်မိသားစု
ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၁၅

ဒေါ်အေးရီ အမှတ်-၅၄၂၊ ကမ်းနားလမ်း အမှတ်(၅)ရပ်ကွက်၊ လမ်းမတော် မြို့နယ်။	နှင့်	၁။ ဦးသန်းထွန်း က/၄၀၊ မြေကွက်အမှတ်-၇၇၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ၂။ ဦးမျိုးနိုင် က/၃၈၊ မြေကွက်အမှတ်-၇၇၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ၃။ ဒေါက်တာကျော်ဇော၊ ကျော်ဆေးကုခန်း က/၂၂၊ မြေကွက်အမှတ်-၇၇၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ ရပ်ကွက်၊ အင်းစိန်မြို့နယ်။
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင်တို့အပေါ်တရားလိုက နေအိမ်တိုက်တာများကို ဖယ်ရှားနှင့်ထုတ်၍ ယင်းမြေကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရှေ့နေအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်မတ်လ(၁၉)ရက် (၁၃၆၅ခု၊ တပေါင်းလပြည့်ကျော်၁၄ရက်နေ့)မွန်းမတည့်မီ(၉း၃၀)နာရီအချိန်တွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

" ဝန်ထမ်းအလိုရှိသည် "

(ပြည်တွင်းခွဲသားစနစ်တာဖြစ်)

စားသောက်ကုန်ထုတ်လုပ်ငန်း မြန်မာရောင်းချရေးအတွက် မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ စီမံအုပ်ချုပ်မှုမန်နေဂျာ ကျား (၁) ဦး
၂။ ဈေးကွက်နှင့်အရောင်းမန်နေဂျာ ကျား/မ (၁) ဦး

- ဖော်ပြပါရာထူးများအတွက် ဘွဲ့ရ အသက် (၃၀)နှစ်မှ (၅၀)နှစ်အတွင်း၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ ရှိသူဖြစ်ရမည်။
- စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် အပြည့်အစုံ (လိပ်စာနှင့်ဖုန်းနံပါတ်အပါအဝင်) ပတ်စ်ပို့ဓါတ်ပုံ(၂)ပုံ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ အလုပ်သမားမှတ်ပုံတင်မိတ္တူ မြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် ရပ်ကွက်(ဝ၊သအတွင်း)၊ သန်ခေါင်စာရင်းမိတ္တူ ပညာအရည်အချင်း အထောက်အထားမိတ္တူများ ပူးတွဲလျက် ရက်သတ္တပတ် (၂)ပါတ်အတွင်း စာတိုက်သေတ္တာအမှတ် (1197)၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြကြည် (ရွှေဘိုမင်းသမီးသနပ်ခါး)

ဒေါ်မြကြည် အသက်(၆၇)နှစ်သည် ၁၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဒေါ်အုန်းနှင့်သားသမီးများ (တော်ဝင်မြန်မာ-မိတ္ထီလာ)။

ဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(၅၈)နှစ်
ကျောင်းအုပ်ကြီး၊ ပခုက္ကူပညာရေးကောလိပ်

ပခုက္ကူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးစိန်ဝင်းသည် ၁၄-၂-၂၀၀၄ရက် မွန်းလွဲ ၁း၁၅နာရီတွင် ညောင်ဦးမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြစ်ကြီးနားပညာရေးကောလိပ်မိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဝင်း(ခ)ဦးမျိုးထွန်း (ဒါရိုက်တာ K.M.T Group Ltd.) နှင့် ရွှေကျားကြီး Co.,Ltd.၏ မိခင် ဒေါ်ကောင်အချွန် (ခ) ဒေါ်ချို ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကျော်ကျော်ဦး-သီတာအေး
သီတာဆေးစတိုးနှင့်ဆေးကုခန်း၊ လှိုင်မြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ရဟန်းအမကြီး

ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန်(မြစ်ကြီးနား)

အသက်(၆၄)နှစ်

ဒေါက်တာတိုးလှ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များသမိုင်း သုတေသနဦးစီးဌာန)၏ ဇနီး ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန်သည် ၁၆-၂-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဦးကျော်ခင်

(B.A, B.L)
လက်ထောက်အထွေထွေမန်နေဂျာ
(ငြိမ်း) ကုန်သွယ်လယ်ယာ
အသက်(၇၃)နှစ်
(ထားဝယ်၊ မြိတ်)

ထားဝယ်မြို့၊ ကညွတ်ရပ် ဒါနလမ်းနေ (ဦးသာလှိုင်-ဒေါ်တင်)တို့၏ သား၊ ရန်ကုန်မြို့နေ ဦးချစ်-(ဒေါ်ကြင်ညွန့်)တို့၏ သားသမက်၊ ဦးသာစိန်(ထားဝယ်မြို့နယ် ပညာရေးမှူး၊ ငြိမ်း)၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၁၄၆) (အပေါ်ဆုံးထပ်ယာ)နေ ဒေါ်စန်းစန်းရီ(ပြည်ထဲရေး)၏ခင်ပွန်း၊ မဥမ္မာကျော်(သချာ) (Diploma in English Candi)(YUFL)၊ မစန္ဒာကျော် (ရူပ) (Diploma in English)(YUFL)တို့၏ ချစ်လှစွာသောဖခင်သည် ၁၉-၂-၂၀၀၄နေ့ နံနက် ၁၀း၁၅နာရီတွင် သုခကမ္ဘာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ပြုလုပ်မည့်ရက်လည်ဆွမ်းကျွေးပွဲသို့ ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် (၇း၀၀မှ ၁၀း၀၀)ထိ အထက်ပါ လမ်း(၄၀)နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးညွန့်

(CDC-2299, G.WIND Co.,Ltd.)
အသက်(၇၁)နှစ်
ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက်(၅)လမ်း၊ အမှတ်(၂)နေ ဒေါ်ကျင်ဆိုင်၏ခင်ပွန်း၊ (ဦးစန်းလွင်)-ဒေါ်လှိုင်မိမိ(တွဲဖက်ပါမောက္ခ၊ မြိတ်တက္ကသိုလ်)၊ ဦးကျော်လွင် (East Wind Co.,Ltd)-ဒေါ်အေးအေးသင်း၊ ဒေါ်ဆွေဆွေခိုင်၊ ဦးဇော်ဇော်ညွန့် (KANTOH Kaiun Co.,Ltd.)-ဒေါ်အေးအေးမြင့် (Tet Kham Co.,Ltd)၊ ဒေါ်ချိုချိုလွင် (အလက၊ မူဆယ်)၊ မခင်ဆုလဲ့ကျော် (တွဲဖက်အထက-၂၊ ဗိုလ်တထောင်)တို့၏ဖခင်၊ မောင်ကျော်ကျော်မင်းပိုင်၊ မောင်ကောင်းဇော်ဟိန်း၊ မဖူးဖူးသက်ချယ်တို့၏ အဘိုးဖြစ်သူသည် ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့)က ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

ဦးသန်းဌေးမြင့်(မြိတ်)

အသက်(၄၇)နှစ်

မြိတ်မြို့၊တလိုင်းစုရပ်၊ရုံးလမ်း၊အမှတ်(၄၀)နေ ဦးအောင်မြင့်-ဒေါ်သိန်းသိန်းရီတို့၏ ဒုတိယသား၊ ဦးဖေအေးသွင်-ဒေါ်တင်စိန်တို့၏သားသမက်၊ ဒေါ်မြမြအုန်း၏ခင်ပွန်း၊ မောင်ဥက္ကာဌေး၊ မောင်စကြာဌေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဦးဝင်းနိုင်မြင့်)-ဒေါ်ရှုတင်တို့၏ညီ၊ ကိုခင်မောင်ဝင်း-မဥမ္မာမြင့်၊ ကိုထွန်းကျော်မြင့်-မညီညီစိုး၊ကိုဝင်းမြင့်- မသီဂိမြင့်၊ ကိုညီညီမြင့်၊ မသီတာမြင့်တို့၏ အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ ဘကြီးသည် ၁၉-၂-၂၀၀၄နေ့ မွန်းလွဲ ၂း၁၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါသဖြင့်၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှတ်(၂၄)၊ ဒုတိယထပ်(ယာ)၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ခွေးရောင်းမည်

ကြံ့ခိုင်ကြံ့ခဲ ချန်ပီယံ Lord မျိုးဆက် Alsatian လေးလသားပေါက်များရောင်းမည်။၂၅။ **ဘောက်ထော်ဘုတာရုံလမ်း၊ ရန်ကင်း၊ ရန်ကုန်။**

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Sui Nawn(John°Nu)

အသက်(၆၀)

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ခွားရွာနေ (Pu Tluang Chum-Pi Dar Tang)တို့၏သမီး၊ ကလေးမြို့နေ Pi Dar Iang၊ Pi Khen Tial (Fam Ci)တို့၏ညီမ၊ Pu Lian Cung၊Pi Ngun Tlen၊ (Pu Cong Mang) တို့၏အစ်မ၊ Saya John (B.Th, M. Div)-Noami ဒေါ်ဆန္ဒာဝင်း၊ Mary- Van Chawn Hre Ling Elizabeth (B.Th, B.A) တို့၏မိခင်၊ Pu Hram Alဆေးမှူး)၏ ဇနီးသည် ၁၈-၂-၂၀၀၄ရက် နံနက် ၆နာရီတွင် အမှတ်(၄၂)၊ အာသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ်(၄၂)၊အာသောကလမ်း၊နတ်ချောင်းရပ်ကွက်၊ တာမွေ၊ ရန်ကင်း၊ သာယာရွှေပြည်ရိပ်မွန်၊ ခြံအမှတ်(၆) သာယာရွှေပြည်လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း(၁၁)၊ မြောက်ဒဂုံ၊ (၄၆) လမ်းဆုံ မှတ်တိုင်၊အင်းစိန် MIT ကျောင်းရှေ့များမှ ကားများမွန်းလွဲ ၁နာရီထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)

ဒေါ်ခင်နှင်းလွင်(၄၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၅၃)၊ အခန်း(၂၃)နေ ဦးလှမိုး၏ဇနီး ရာသက်ပန် အသင်းဝင်အမှတ် (၇၈၇) သည် ၁၇-၂-၂၀၀၄နေ့တွင် ကွယ်လွန်ပါ၍ ၁၉-၂-၂၀၀၄နေ့ ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဦးစိန်ဝင်း(၅၈)နှစ်

ကျောင်းအုပ်ကြီး
(ပခုက္ကူပညာရေးကောလိပ်)

(ဦးလှအောင်)-ဒေါ်ကြည်တို့၏သား၊ မိတ္ထီလာမြို့၊ ကျောက်ဖူးရပ်နေ ဒေါ်နီလာဝင်း (ပညာရေးကောလိပ်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးချမ်းငြိမ်း-ဒေါ်စောမြတ်နွယ် (စက်မှု-၁)၊ မောင်လှမော်၊ မောင်ဆုရှင်၊ မဇာခြည်စိုးတို့၏ ဖခင်သည် ၁၄-၂-၂၀၀၄နေ့တွင် ကွယ်လွန် သွားပါသဖြင့် ၁၅-၂-၂၀၀၄နေ့ ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ ကျောက်ဖူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး(၄၇)နှစ်

B.A(Law)
အကြီးတန်းစာရေး
ခရိုင်ကျန်းမာရေးဦးစီးဌာန(သာယာဝတီ)

သာယာဝတီမြို့၊ ရွာကြီးကုန်းရပ်ကွက်နေ အငြိမ်းစားကျောင်းဆရာကြီးဦးဘိုးလု-ဒေါ်ကြင်တို့၏သမီး၊ (ဦးထွန်းရှင်-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ဦးသန်းလွင်-ဒေါ်ပြုံးပြုံး၊ ဦးစိန်မင်း-ဒေါ်တင်မကြိုင်၊ ဦးကြည်လွင်-ဒေါ်အုန်းလှ၊ ဦးအောင်နိုင်မိုး-ဒေါ်မြင့်မြင့်ဌေး၊ ဦးဌေးလွင်-ဒေါ်ညီညီ၊ဦးရဲလွင်-ဒေါ်သန်းသန်းတို့၏ အစ်မ၊ ဦးလှဝင်း(လ/ထဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊သာယာဝတီ)၏ဇနီး၊ ဒုဗိုလ်ငပါအေးယုဝင်း(တပ်မတော်ဆေးရုံကြီး၊ မိတ္ထီလာမြို့)၊ မောင်ပြည့်စုံဝင်းတို့၏ မိခင်၊တူ၊တူမ ၂၃ ယောက်တို့၏ အဒေါ်သည် ၁၇-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီမြို့ ရွာကြီးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဝင်းသိန်းထွန်း

အသက်(၄၇)နှစ်
B.Sc;Bot (RASU)
(ကြာကန်၊ ကန်ဘက်)

လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာနေ(ဦးရွှေဝင်း)-ဒေါ်လှသိန်းတို့၏သား၊ မြောင်းမြမြို့နယ်၊ ကြာကန်မြို့သစ်နေ ဦးပြည်စိုး-(ဒေါ်ခင်စိန်)တို့၏သားသမက်၊ ကန်ဘက်ကျေးရွာနေ ဦးမောင်မောင်စိန်-ဒေါ်ခင်ခင်ထွေး၊ ရန်ကုန်မြို့ အလုံမြို့နယ်၊ ဆင်ရေကန်လမ်းနေ ဦးဝင်းမောင်သိန်း-ဒေါ်အေးအေးသန်းတို့၏ညီ/မောင်၊ ကြာကန်မြို့သစ်နေ ဒေါ်တင်တင်ရီ(ခ)ဒေါ်ချိုချို၏ခင်ပွန်းသည် ၁၇-၁-၂၀၀၄ရက်တွင် ကြာကန်မြို့သစ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၀၄နေ့တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုကျော်သူခင်(၃၉)နှစ်

(ရွှေပြည်နန်း)
ကျောက်တန်းမြို့နယ်၊
ရာသက်ပန်အသင်းဝင်
(တောင်လုံးပြန်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိ မင်္ဂလာလမ်း၊ အမှတ်(၂၆)နေ ရာသက်ပန်အသင်းဝင် ဦးသိန်းဖေ-ဒေါ်မေမေခင်၊(ဦးမျိုးမြင့်ခင်)-ဒေါ်သန်းသန်းဝင်းတို့၏သား၊ မအေးအေး၏ခင်ပွန်း သည် ၁၈-၂-၂၀၀၄ရက်နေ့ နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့
ကျောက်တန်းမြို့နယ်အသင်း။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)

ကိုတင်ဝင်းအောင်(ခ)ကိုမောင်မောင်

အသက်(၃၄)နှစ် (တောင်ကုတ်)

ရန်ကုန်မြို့၊ အမှတ်-၃၁၁/၃၊ ဗညားဒလလမ်းနေ ဦးဖိုးတင်-ဒေါ်တင်စိန်တို့၏သား၊ (ဦးအေးထွန်းကြီး)၊ ဒေါ်လှတင်တို့၏သားမက်၊ အမှတ်-၃/B၊ (၁၄၅)လမ်းနေ ဒေါ်ဝါဝါရီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းရန်ထက် (VI.A၊ အထက-၆၊ ဗိုလ်တထောင်)၏ဖခင်၊ ကိုအောင်နိုင်ဝင်း(ခ)ညီချေ၊ မသန်းသန်းဌေး(ခ)ပုမ-ကိုကျော်မြင့်တို့၏အစ်ကို၊ မခိုင်သဉ္ဇာနိုင်ဝင်း IV B၊ အထက-၅၊ ဗိုလ်တထောင်)၊ မောင်ထက်ဦးလွင်တို့၏ဘကြီး၊ ဦးညီညီ-ဒေါ်တင်တင်(ကောင်းစံရေတိုင်ကီ) တာမွေတို့၏ညီသည် ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ည၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့။

ဗိုလ်ကြီးတင်အေး(ငြိမ်း)
အသက်(၅၃)နှစ်
(D.S.A-၁၄)

မင်းလှမြို့နေ(ဦးလှမောင်–ဒေါ်ကျော့လှိုင်)တို့၏သား၊ဦးလှသွေး–(ဒေါ်စန်းရီ)တို့၏သားသမက်၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်းသွယ်၊အမှတ်၁၅ (A)၊ အခန်းအမှတ်(008-R)နေ ဒေါ်မိမိချို၏ခင်ပွန်း၊မဖူးမြသစ်(3rd MB-Jr;) I. M (1)၊ မဝင်နီကို၊ နဝမတန်း(B) အထက(၂)စမ်းချောင်း၊ မောင်အောင်သော်ဟိတ် စတုတ္ထတန်း(H) အထက(၂)စမ်းချောင်းတို့၏ကျေးဇူးရှင်မွေးသဖခင်သည် ၂၀-၂-၂၀၀၄ရက် နံနက်၂နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန် (မြစ်ကြီးနား) အသက်(၆၄)နှစ်

ဆရာကြီး ဒေါက်တာတိုးလှ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန)၏ ဇနီးဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ဖုန်သည် ၁၆-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါကြောင်း။ **ရှေးဟောင်းသုတေသနပညာဌာနမိသားစု၊ ဒဂုံတက္ကသိုလ်။**

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏

အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်

စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- **သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**
- **ကြေးမုံသတင်းစာတိုက် အမှတ်–၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။**

သီတဂူသာသနာပြုအဖွဲ့
(အောက်မြန်မာပြည်)

ဦးသိန်းတင်(၇၅)နှစ်
(မိဂလုံ)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၀၀)နေ သီတဂူသာသနာပြုအဖွဲ့(အောက်မြန်မာပြည်) ဘဏ္ဍာရေးမှူး ဦးတင်အေး (Director M W.E.P Co. Ltd. Wai Win Co.)၏ ဇနီး၊ဒေါ်သန်းသန်းအေး၏ဖခင် ဦးသိန်းတင်သည်၂၀-၂-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် သီတဂူသာသနာပြုအဖွဲ့ လူကြီးများ ပို့ဆောင်ပေးကြပါရန်အသိပေး နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။)

သီတဂူသာသနာပြု
အလုပ်အမှုဆောင်အဖွဲ့။

ဒေါ်လွှဲငွေးအသက်(၁၀၁)
(မြိတ်မြို့)
ကိုကျော်သန်းနှင့်ညီများ အထည်ဆိုင်
(မင်္ဂလာဈေး)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ်(၁၀၅)၊ ပထမထပ်နေ (စောထိုင်လင်း)၏ဇနီး၊ဦးထွန်းဝင်း–ဒေါ်စပယ်၊ ဦးမောင်ချမ်း–ဒေါ်ရှုလွမ်တို့၏ မိခင်၊ ကိုဟာန်သိန်း–မဝင်း၊ ကိုကျော်သန်း–မလှလှဝင်း၊ ကိုကျော်မင်း–မစောနှင်းဖြူ၊ မသန်းသန်းနု၊ မသန်းသန်းနွဲ့၊ မောင်မင်းလွင်၊ မောင်သိန်းမင်းထိုက်၊ မအေးချမ်းမွန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၂-၂၀၀၄ (စနေနေ့) နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူးအာရ်လွှာကျင်း(ငြိမ်း)
အသက်(၈၀)
(ခေါ်ဆရှာ၊ တီးတိန်မြို့နယ်)

Subedar Ya Suanနှင့် Daw Vung Ciang တို့၏ သားကြီး၊ (Daw Cing Pau)Daw Mang Ko Niang တို့၏ ခင်ပွန်း၊Daw Rita Ciang Kho Neam-U Hang Za Pome၊ ဒုရဲအုပ် ရဲခိုင်(ခ)U Suan Khan Khai(ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ဦးစီး–၃၊စစ်ဆေးရေးဌာန၊ ပြင်ဦးလွင်)–Daw Mary Mang Khan Dim (အထက–၄၊ပြင်ဦးလွင်)၊ ဒေါ်ရီရီခိုင်(ခ) Daw Voilet Ngo Khan Cing(ICC အမှုဆောင်) -U Pau Za Pome၊Tg Suan Za Pome၊ Tg Kham Khan Nang၊မိငယ်(ခ) Daw Ciang Za Uap (Sunday School ဆရာမ)-U Pum Sial Pauတို့၏ ဖခင်၊ မြေး၁၅ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး ဗိုလ်မှူး အာရ်လွှာကျင်း (TOPA TAW MAANG KHAWM)၏ ၁၇-၂-၂၀၀၄ရက် ဈာပနကိစ္စအဝဝတွင် စေတနာ စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးကြသည့် Rev Mung Tawngနှင့်တကွ F.G.Aအသင်းတော်မှ အသင်းသူ၊ အသင်းသားများ၊ အသင်းတော် အသီးသီးမှ ကြွရောက်လာသော ဆရာများ၊သီချင်းဖြင့် ပါဝင်ကူညီပေးကြသူများအားလည်းကောင်း၊စာ၊ တယ်လီဖုန်း၊ကြေးနန်း၊E.mailအားဖြင့် နှစ်သိမ့်အားပေးလိုက်ပါ ပို့ဆောင်ပေးကြသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားလည်း ကောင်း၊ GreenCrossဆေးခန်းတွင်တက်ရောက်ကုသစဉ်က ဆေးကုသပေးခဲ့သူ ဆရာဝန် ကြီးများ၊ဆရာမကြီးများ၊ဝန်ထမ်းအားလုံး နှင့် ဝိုင်းဝန်းကူညီပံ့ပိုးစောင့်ရှောက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အားလုံးအပေါ်နှုတ်/စာဖြင့် မဖော်ပြနိုင်လောက်အောင် ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း။ ရဟန်းဒါယကာကြီး

ဦးညွှန့် (၇၁)နှစ်
(CDC.2299,G.WIND Co., Ltd)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက် (၅)လမ်း၊ အမှတ်(၂)နေ ဒေါ်ကျင်ဆိုင်၏ခင်ပွန်း၊ (ဦးစန်းလွင်)–ဒေါ်လှိုင်မိမိ (တွဲဖက်ပါမောက္ခ၊မြိတ်တက္ကသိုလ်)၊ ဦးကျော်လွင် (East Wind Co,.Ltd)–ဒေါ်အေးအေးသင်း၊ ဒေါ်ဆွေဆွေခိုင်၊ ဦးဇော်ဇော်ညွှန့် (Kantoh Kaiun Co., Ltd)–ဒေါ်အေးအေးမြင့် (TET Kham Co., Ltd)၊ ဒေါ်ချိုချိုလွင်(အလက၊မှူဆယ်)၊မခင်ဆုလဲ့ကျော်(တွဲဖက်အထက–၂၊ ဗိုလ်တထောင်)တို့၏ ဖခင်၊ မောင်ကျော်ကျော်မင်းပိုင်၊ မောင်ကောင်းဇော်ဟိန်း၊ မစူးစူးသက်ချယ်တို့၏ အဘိုးသည် ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဒေါ်အမာ(ခ)ဒေါ်မေညွှန့်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်းနေ (ဦးကျော်လှ–ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးစိန်ထွန်း–ဒေါ်စန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်၁၈၂/၁၈၄၊ အခန်း၄(က)နေ ဦးစိုးရင်၏ ဇနီး၊ ကိုစိုးညွှန့်–မအေးအေးသန်း၊ကိုသိန်းထွန်းဦး၊ မမာမာစိုး၊ကိုလွင်စိုး၊စုစုမြတ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွား၊(ဦးရန်ဝင်း) ဒေါ်ညွှန့်ညွှန့်ရီတို့၏ အစ်မသည် ၂၀-၂-၂၀၀၄(သောကြာနေ့)နံနက်၅း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ဆန်း(၆၅)နှစ်
ကျောက်မြောင်းကြီး
ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝွတ္တလစ်နေ(ဦးအုန်းတင်–ဒေါ်အုန်းခင်)တို့၏ သား၊ အမှတ်(၁၄)၊(2-B)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးတင်ဝင်း–ဒေါ်သောဘီ၊ ဦးကျော်ရန်–ဒေါ်ခင်သက်၊ ဦးလှထွန်း–ဒေါ်သန်းချိုတို့၏ အစ်ကို/မောင်၊ ဒေါ်စမ်းစမ်းမော်–Jack Oglesly၊ ဦးအောင်ခင် Asia World (လားရှိုး)–ဒေါ်ခင်အေးမော်၊ ဦးကိုကိုအောင်–ဒေါ်လှမျိုးနွယ်၊ ဒေါ်ဖြူဖြူဝင်း(စာရင်းတာဝန်ခံ၊ Kitchen Mart 7)၊ ဦးဝင်းကျော် (Asia Light Supermarket လပြည့်ဝင်း)–ဒေါ်ခင်သန္တာအောင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးအောင်ဆန်းသည် ၂၀-၂-၂၀၀၄ရက် နံနက် ၆း၃၀နာရီတွင်ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နယန
ဟဲဟိုးကျေးရွာအုပ်စု သံဃနာယကအဖွဲ့ဥက္ကဋ္ဌ
ကျောက်ရေအိုးကျောင်းတိုက်၊ ဟဲဟိုးမြို့
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ကျောက်ရေအိုးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ နယနသည် ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၃ရက်၊ ၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁-၃-၂၀၀၄(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဆရာတော် ဦးပုပ္ပါနှင့်ဒါယကာ၊ဒါယိကာမများ၊ဟဲဟိုးမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နယနဆရာတော်
သိက္ခာတော် (၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ သံဃနာယကဥက္ကဋ္ဌဖြစ်တော်မူသော ကျောက်ရေအိုးကျောင်းတိုက်၏ ဦးစီးနာယကသည် ၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၁၃ရက် ၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင်ဘဝနတ်ထံ ပျံလွန်တော်မူပြီး ၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း၁၁ရက်(၁-၃-၂၀၀၄)ရက်တွင် အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဒါယကာ၊ဒါယိကာမ များအား အကြောင်းကြား သိစေအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်သိန်း
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ တာကြီးကျေးရွာ၊ အမှတ်(၄၁၉)နေ (ဦးဖိုးကျော်–ဒေါ်တင်)တို့၏ သမီး၊ (ဦးကံရီ–ဒေါ်မြရှင်)တို့၏ ချွေးမ၊ (ဦးလှအောင်)၏ဇနီး၊ ဦးမြင့်ဦး–ဒေါ်စန်းရီ၊ ဦးဘခက်(မြန်မာ့လေကြောင်း)–ဒေါ်ကြူကြူဝင်း(သ/မ၊ကျောင်းစုရပ်ကွက်)၊ ဦးသောင်းထွန်း–ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြင့်အောင်၊ ဦးနေဝင်း(ဦးစီးအရာရှိ၊ပြည်တွင်းအခွန်)–ဒေါ်မေနီအောင် (ပြည်တွင်းအခွန်)၊ဦးကျော်လွင်စိုး–ဒေါ်ကေသီငြိမ်းတို့၏ မိခင်၊ မြေး၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည်၂၀-၂-၂၀၀၄ ရက်ည၁၀း၁၅နာရီ၌ ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကမ်းနားလမ်း၊ဝါးတန်းဆိပ်ကမ်းမှ ကားများနံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့်(၆၈)နှစ်
စက္ကူ/ခတ်ပုံ(ငြိမ်း)

ရန်ကုန်တိုင်း၊ သုံးခွမြို့နေ (ဦးဘသင်–ဒေါ်မြမှင်)တို့၏ တစ်ဦးတည်းသောသား၊ တွံတေးမြို့၊ ကံဘဲ့ကျေးရွာနေ (ဦးမောင်ဉာဏ် – ဒေါ်စိန်မြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာမဏ္ဍူလမ်း၊ အမှတ်(၁၇၃)နေ ဒေါ်ခင်နွဲ့ (ပြည်ထဲရေးဝန်ကြီးဌာန၊ငြိမ်း)၏ခင်ပွန်း၊ ဦးသန်းကြွယ်–ဒေါ်ခင်စန်းယု၊ ဦးတင်အောင်–ဒေါ်မူမူဆင့် (အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့)၊ ဦးဌေးဝင်း–၅(အကောက်ခွန်မှူး)–ဒေါ်စန္ဒာမြင့်၊ ဦးယဉ်မိုး(ကညန၊ ရန်ကုန်တိုင်း)–ဒေါ်ညိုညိုမြင့်(ထွေ/အုပ်)၊ ဦးသိန်းထိုက် (Myanmar Segye)–ဒေါ်ဥမ္မာမြင့်(စီးပွားရေးဦးပိုင်)တို့၏ ဖခင်ကြီး၊ မြေး၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၂-၂၀၀၄ (သောကြာနေ့) နံနက်၄း၃၀နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

(တိုက်ကြီးမြို့နယ်အသင်း)

ဒေါ်လှတင်(ခ)ဒေါ်အော
အသက်(၈၂)နှစ်

တိုက်ကြီးမြို့နယ်အသင်းအမှုဆောင် ဒေါက်တာခင်မောင်လတ်၏ အစ်မကြီး၊ ရန်ကုန်မြို့၊ မြေနီလမ်း၊ ခြံအမှတ်(၃)နေ [ဦးမြင့်(ခ)ဦးရန်ဝှက်]၏ ဇနီး ဒေါ်လှတင်(ခ)ဒေါ်အောသည်၁၆-၂-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ အရိုးပြာအိုးကို ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်အထက်ပါနေအိမ်မှတိုက်ကြီး သုသာန်၌အရိုးပြာအိုးကို ဂူသွင်း ပါမည်။ အသင်းသူ၊ အသင်းသားများ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

တိုက်ကြီးမြို့နယ်အသင်း
ရန်ကုန်မြို့။

ဦးအုန်းရွှေ (၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၈၈)၊ကမ်းနားလမ်း၊ကြည့်မြင်တိုင်နေ (ဦးမောင်ဟန်–ဒေါ်စမ်းခင်)တို့၏ သားကြီး၊ ဒေါ်အေးမြင့်–(ဦးတင်အေး)တို့၏ ညီ/မောင်၊ ဒေါ်မြစိန်၊ ဒေါ်မြမေ–(ဦးကျော်လှိုင်)၊ (ဦးအောင်သူ)၊ ဒေါ်ချိုချို–ဦးသိန်းစိန်၊ ဦးအောင်ဌေး – ဒေါ်ခင်ဝင်းကြည်တို့၏ အစ်ကိုကြီး၊ မဇွန်ခင်–ကိုအောင်စိုးဦး၊ မောင်ဥက္ကာရွှေတို့၏မွေးသဖခင်သည် ၂၁-၂-၂၀၀၄(စနေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းမူ(၅၉)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၆၂)၊ သုခရိပ်သာ (၅၂)လမ်းသွယ်၊ သုခလမ်းနေ(ဦးစံတင်–ဒေါ်မြသွင်)တို့၏ သမီး၊(ဦးမောင်တင်–ဒေါ်အေးတင့်)တို့၏ သမီးချွေးမ၊ (ဦးအေးစော) (ကုန်သွယ်–ဆေး)၏ဇနီး၊ ဦးဝင်းချို–ဒေါ်တင်တင်အေးတို့၏ညီမ၊(ဦးဖုန်း မြင့်)–ဒေါ်နုနုအုန်း၊ဒေါ်သန်းသန်းကြူ၊ (ဦးလှအောင်)–ဒေါ်သီသီစိုး၊ဦးသန်းစိုး–ဒေါ်ဥမ္မာသိန်း၊ ဦးလင်းကျော်–ဒေါ်ဖြူဖြူအေး၊ ဦးမျိုးကျော်–ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်မကြီး၊ ကိုကျော်စွာမြင့်–မဆွေမှုအေး၊ ဗိုလ်ကြီးကျော်ဆန်းဝင်း(လေ)–မဆွေဖြူအေး၊ ကိုဖြိုးဝေအေး(M.D.G. Co., Ltd.)–မဖြူသန့်ဝင်း၊မောင်ကျော်သူရအေး (Informatics)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ရက် နံနက် ၈း၅၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တန်လိုင်ချွန်း(ခ)ဦးဝင်းမြင့်
အသက်(၇၂)နှစ်

မော်လမြိုင်မြို့၊ ဈေးကြီးဖက်တန်းရပ်၊ အမှတ်(၁၆)နေ(ဦးဟုတ်ကြည်–ဒေါ်ဂိတ်)တို့၏သားကြီး၊ရမည်းသင်းမြို့နေ (ဦးချိန်ကျွန်–ဒေါ်ရှုဘိန်)တို့၏ သားသမက်၊ မစန်းရီ၏မောင်၊ဦးတင်ဝင်း၊ ဒေါ်ခင်ပြုံးဝင်း၊ (မသောင်းရွှေ)၊ ဒေါက်တာခင်ခင်ဝင်း၊ဒေါက်တာအေးအေးသန့်၊မအေးအေးသိန်းတို့၏ အစ်ကိုကြီး၊ဒေါ်အုံး၏ခင်ပွန်း၊ မောင်အောင်မျိုး–မခင်မာကြည်၊မောင်စိန်သောင်း၊ မသန်းသန်းခိုင်၊ မနှင်းနှင်းဝေတို့၏ဖခင်၊ မရွှေဇင်မျိုး၊ မလင်းလက်ရွှေတို့၏ ဘိုးဘိုးကြီးသည် ၂၀-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂း၀၃နာရီတွင် ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ စမိုင် ကျန့်တိတ်တရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာရဲမင်းစိုး(၅၃)နှစ်
ဒု/တိုင်းကျန်းမာရေးဦးစီးဌာနမှူး
(မကွေးတိုင်း)

တောင်သာမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးမောင်စိုး၊ ဒေါ်ယဉ်ယဉ်စိုး၏ သားကြီး၊ရန်ကုန်မြို့၊ အမှတ်(၃၃/က)၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဦးတင်အောင်–ဒေါ်ကြည်ကြည်အေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊(၄၈)မိုးကောင်းဘုရားလမ်း၊ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်သန်းသန်းအေး [အမှတ်(၁)နယ်မြေ၊ စည်ပင်မြို့နယ် ဥပဒေအရာရှိ၊ စမ်းချောင်းမြို့နယ်]၏ ခင်ပွန်း၊ မောင်ဝေယံရဲမင်းစိုး၊ (1BT-IT၊အစိုးရနည်းပညာကောလိပ်၊သန်လျင်)၊ မကေသွယ်ရဲမင်းစိုး (4th BDS)တို့၏ မွေးသဖခင်၊ ဦးမြင့်ဝေ–ဒေါ်လှလှတို့၏ ညီ၊ ဦးသိန်းထွန်းအောင်–ဒေါ်မြမြအေး၊ ဦးတင်မောင်ဝင်း–ဒေါ်တင်တင်အေး၊ ဦးသန်းအောင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်သန်း–ဒေါ်မြင့်မြင့်သိန်း၊ ဦးရန်အောင်–ဒေါ်အေးအေးသန်း၊ ဦးဗိုလ်ဗိုလ်ထွန်း–ဒေါ်ဝင်းဝင်းအေး၊ ဦးရဲဝင်းစိုး၊ (ဦးခင်အောင်စိုး)တို့၏ အစ်ကိုကြီးသည် ၂၁-၂-၂၀၀၄ရက် နံနက်၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှအေး
အသက်(၆၈)နှစ်
ယခင်–လသာမြို့နယ်
(သမဝါယမအသင်းအပ်ချုပ်တာဝန်ခံ)

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ကျုံရှကျေးရွာနေ(ဦးသာမြ–ဒေါ်မမကြီး)တို့၏သား၊ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁၉/က)၊သမာဓိ(၂)လမ်း၊ ဆ/ကရပ်ကွက်နေ ဒေါ်လှစိန်၏ ခင်ပွန်း၊ ကိုတင်ဝင်း(စည်ပင်)–မမြင့်မြင့်ဝေ(ဆောက်လုပ်ရေးရုံးချုပ်)၊ ကိုဝင်းတင်၊စောစေးဟဲ–မမြင့်မြင့်မော်၊ တပ်ကြပ်ကြီးကျော်ဌေး(တပ်မတော်ရေ၊ အလေးမ)–မထူးဂေဖော (အင်းစိန်မီးရထား)တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၁-၂-၂၀၀၄(စနေနေ့)နံနက် ၁း၃၀နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မင်းလှမြို့နယ်အသင်း (ပဲခူးတိုင်း)

ဗိုလ်ကြီးတင်အေး(ငြိမ်း)
အသက်(၅၃)နှစ်
(D.S.A 14)

ပဲခူးတိုင်း၊ မင်းလှမြို့နေ (ဦးလှမောင်–ဒေါ်ကျော့လှိုင်)တို့၏ သား၊ ဦးလှသွေး (ဒေါ်စန်းရီ)တို့၏သားသမက်၊စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်းသွယ်၊ အမှတ် ၁၅ (A) အခန်း အမှတ်(၀၀၈–R)နေ ဒေါ်မိမိချို၏ခင်ပွန်း၊မဖူးမြသစ်(3rd MB-Jr)I.M(1)၊ မဝင်နီကို(နဝမတန်း–B၊ အထက–၂၊စမ်းချောင်း)၊ မောင်အောင်သော်ဟိတ် (စတုတ္ထတန်း–H၊အထက–၂၊စမ်းချောင်း)တို့၏ ဖခင်သည် ၂၀-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ မင်းလှမြို့နယ် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
မင်းလှမြို့နယ်အသင်း(ပဲခူးတိုင်း)

ဒေါ်ကြည်ကြည် (၇၉)နှစ်
ငါးထပ်ကြီး

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၂၆၅)နေ(ဆရာကြီးဦးသိန်း အောင်)၏ ညီမ၊ မင်္ဂလာဒုံနေဒေါ်ချိုချို၏ အစ်မကြီး၊ ဦးဝင်းထိန်(ခ)ဦးဝင်းအောင်တင်–ဒေါ်ခင်မာကြူတို့၏ မိခင်ကြီး၊ မောင်မိုးဝင်းအောင်၊ မောင်စိုးမင်းအောင်၊ မောင်မျိုးမင်းအောင်၊မောင်နေလင်းအောင်တို့၏အဘွားသည် ၂၁-၂-၂၀၀၄(စနေနေ့) နံနက် ၅း၃၀နာရီတွင်ကွယ်လွန်၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်ညွှန့် (၅၃)နှစ်
B.Sc(Maths)
ဌာနစုဦးစီး၊ မြို့နယ်သမဝါယမ
ဦးစီးဌာန၊ သာကေတမြို့နယ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၂)လမ်း၊ အမှတ်(၇၆၇)နေ (ဦးငြိမ်းထွန်း–ဒေါ်ကျင်စိန်)တို့၏ သားကြီး၊ ဦးတင့်ဆွေ–(ဒေါ်လှလှမြင့်)တို့၏ သမက်၊ ဦးသန်းဝင်း–ဒေါ်ခင်ခင်မီ၊ ဦးဝင်းထွန်း–ဒေါ်စိန်စိန်၊ ဦးတင့်ခိုင်–ဒေါ်သန်းသန်းဝင်း၊ ဒေါ်လှလှဦးတို့၏အစ်ကို၊ ဦးသန်းအေး–ဒေါ်သီသီတင့်ဆွေ၊ ဦးညီညီတင့်ဆွေ–ဒေါ်စန္ဒာညွှန့်၊ ဒေါ်မို့မို့တင့်ဆွေ၊ ဦးမောင်မောင်တင့်ဆွေ–ဒေါ်ယုဇနကျော်၊ ဦးတင်မောင်ဆွေ–ဒေါ်နွယ်နွယ်တင့်ဆွေတို့၏ အစ်ကို၊ ဒေါ်ချိုချိုတင့်ဆွေ၏ ခင်ပွန်း၊ မောင်ဇာနည်ဖြိုးဝေထွန်း၊ မောင်နေနည်ဖြိုးဝေထွန်း၊ မောင်အံ့နည်ဖြိုးဝေထွန်း၊ မပိုးအိနန္ဒာထွန်းတို့၏ ဖခင်သည် ၂၁-၂-၂၀၀၄ (စနေနေ့) ညနေ၃နာရီတွင်အထက်ပါ နေအိမ်၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်လှ(၄၈)နှစ်

ပုလောမြို့၊အမှတ်(၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ ဦးမောင်ထွေး အသင်းဝင်အမှတ်(၁၆၂၈)၏ဇနီး ဒေါ်တင်လှသည် ၂၀-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၂-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ပုလောမြို့နေအိမ်မှပုလောမြို့သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဦးကျော်ကျော်လွင်
(ဆရာချို)
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဦးစံဝင်း)–ဒေါ်ကြည်ကြည်မင်းတို့၏ သားငယ်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေဓာ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၅၉)နေ (ဒေါ်ခင်ချိုဝင်း)၊ ဒေါ်ထားထားညွှန့်၏ ခင်ပွန်း၊ ဇာနည်ကျော်(X D၊ အထက–၁၊ရန်ကင်း)၊ ဝဏ္ဏကျော် (VII-C၊ ရန်ကင်း၊ TTC)၊ ထက်ထက်လွင်(II B၊ရန်ကင်း၊ TTC)၊ ကောင်းညွှန့်ကျော်တို့၏ ဖခင်၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်း (MEC)–ဒေါ်တင်ကြူသိန်း၊ ဦးခင်မောင်ထူး–ဒေါ်မာလာဝင်း၊ ဦးဇော်ဝင်း၊ ဦးစိန်လင်း–ဒေါ်သဇင်ဝင်းတို့၏ ညီ/ မောင်၊ အစ်ကို၊ တူတူမကိုးယောက်တို့၏ဦးလေး၊ ဘကြီးသည် ၂၁-၂-၂၀၀၄ရက် နံနက်၆း၁၀နာရီတွင် ရွှေဗဟို အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၀၄(တနင်္လာနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြိတ်အသင်း

ဦးသန်းဌေးမြင့်
အသက်(၄၇)နှစ်
(မြိတ်)

မြိတ်မြို့၊ တလိုင်းစုရပ်နေဦးအောင်မြင့်၊ ဆရာမ ဒေါ်သိန်းသိန်းရီတို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၂၄)၊(ဒု)ထပ်နေ ဦးသန်းဌေးမြင့်သည် ၁၉-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြိတ်အသင်းမှကားများနံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးဇော်မိုး(၄၃)နှစ်
(မြန်မာ့လေကြောင်း၊စက်မှုဌာန)

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၁၃၀)၊ မြတ်လေးလမ်း၊ (၄၁)ရပ်ကွက်နေ [ဦးကျော်သာမြ(ခ) ဦးကျော်ဖုံ]–ဒေါ်ဦးခင်(စီးပွား/ ကူးသန်း)တို့၏ သား၊ (ဦးဇော်ဦး)၊ဦးဖိုးဆယ်–ဒေါ်ခင်မေဇော်(သာသနာရေး)တို့၏ညီ/မောင်၊ကိုဇော်မင်း(Rays Shipping Co.,)၊ ကိုခင်မောင်အေး–မယဉ်ယဉ်ပြုံး၊ မမေစုလှိုင်(သာသနာရေး)တို့၏ အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ ဦးလေးသည် ၂၀-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၁၃၀၊ မြတ်လေးလမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ဖြိုးဇာနည်ဆန်းမောင်(ခ) ဘိုဘို (၁၆)နှစ်
ဒသမတန်း၊ရွှေပြည်သစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မဲဇီကုန်းလမ်း၊ အမှတ်(၅၇၇)နေ (ဦးဆန်းညွှန့်မောင်)–ဒေါ်ဌေးဌေးတို့၏ သား၊ မယုသရဖီဆန်းမောင်၏ မောင်သည် ၂၀-၂-၂၀၀၄ရက် ညနေ၅နာရီတွင် ရွှေဗဟို အထူးကုဆေးခန်း၌ ကွယ်လွန ပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများနံနက်၈း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ခင်လေးမြင့်(၆၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၃)လမ်း၊ အမှတ်(၁၀)နေ (ဦးတင်မောင်–ဒေါ်အုံးခင်)တို့၏ သမီး၊ (ဦးသိန်းလွင်)–ဒေါ်လှရီ၊ ဦးကိုကြီး–ဒေါ်ခင်ညိုတို့၏ညီမ၊ ဦးဘဌေး၏ဇနီး၊ မောင်ဇော်ဌေး–မခင်ခင်မြင့်၊ မခင်နီလာဌေး၊ မမြတ်မြတ်ဌေး၊ မောင်သက်ခိုင်ဦး၊ မောင်ကျော်သန်းဌေး၊ မဖြိုးဝေသင်း (ဒု–နှစ်BM)တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၀-၂-၂၀၀၄(သောကြာနေ့)ည၉း၀၅နာရီ တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဦးဘသာ(၅၇)နှစ်
တပ်ကြပ်(ငြိမ်း)

မြောက်ဦးမြို့နယ်နေ(ဦးကျော်ဖံ–ဒေါ်ခိုင်စောယဉ်)တို့၏သား၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နေ (ဒူဝါခေါင်ဟောင်း)–ဒေါ်နန်းဆိုင်းတို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်၊ ၆/၉ဆေးခန်းဝင်းနေဒေါ်တီဂျာတွမ်(ရွှေပြည်သာပြည်သူ့ဆေးရုံ) ၏ခင်ပွန်း၊ ဗိုလ်ကြီးစံရွှေမောင်(ငြိမ်း)၊ ဒေါ်ခင်မာဝေ(နည်းပြ၊ မအူပင်တက္ကသိုလ်)၊ မနီနီ(ဒဂုံတက္ကသိုလ်)တို့၏ ဖခင် ဦးဦးဘသာသည် ၂၁-၂-၂၀၀၄ (စနေနေ့) နံနက်တွင် ကွယ်လွန်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇။ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ကြိုတင်ဆောင်ရွက်လျက်ရှိ ထေရဝါဒ အနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စနစ်တကျ ပီပီပြင်ပြင်ကျင်းပနိုင်ရန် စီမံဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ကြည့်ရှုစစ်ဆေး

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးအပြီးတွင် မဟာပါသာဏလိုဏ်ဂူပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကိုလိုနီခေတ်အတွေးအခေါ်များ၊ ဗျူရိုကရက်အကျင့်ဆိုးများ ပယ်ဖျောက် ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေး ပြည်သူကို ဦးထိပ်ထား မည်သည့်တာဝန်မျိုးကိုမဆို ထမ်းရွက်နိုင်ရန် အမြဲတမ်းလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၃ခုနှစ် ဒုတိယနှင့် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး စွမ်းရည်လေးရပ်ဆု ရရှိသော ရဲတပ်ဖွဲ့များကို ဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စွမ်းရည်လေးရပ်ဆုရ ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ်၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်နှင့် တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် မိမိတို့၏နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် ဦးတည်ချက် ၁၂ရပ် ချမှတ်ပြီး ကြိုးပမ်းတည်ဆောက်နေခြင်းကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ၎င်းအပြင် မိမိတို့၏ အနာဂတ်ရည်မှန်းချက်မှာလည်း စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံအဖြစ် အဆင့် ခုနစ်ဆင့်နှင့် ကူးပြောင်းမှာဖြစ်ကြောင်း အတိအလင်း ပြောကြားထားပြီးဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရာတွင်ပင်ဖြစ်ဖြစ်၊ ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံအဖြစ် ကူးပြောင်းရာတွင်ပင်ဖြစ်ဖြစ် နိုင်ငံတော်၌ အလိုအပ်ဆုံးအချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၌တည်ငြိမ်မှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မျှ လုပ်၍ရမည်မဟုတ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်၍လည်း မရနိုင်ကြောင်း။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●